

# ၂၀၂၅ မြန်မာငလျင်ကြီး ကြုံတွေ့ခံစားရသည့် စွမ်းအင်ဝန်ကြီးဌာနအတွက် MPRL E&P ကုမ္ပဏီအုပ်စု၏ မြေပြင်တိုက်ရိုက်ကွင်းဆင်းကူညီကယ်ဆယ်ရေး ဆောင်ရွက်မှုမှတ်တမ်း

## “စွမ်းအင်မိတ်ဖက်အလှူရှင်အဖြစ်မှသည် ကွင်းဆင်းကူညီကယ်ဆယ်သူအဖြစ်သို့”







၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၂၁) ရက်။

# မာတိကာ

၀၁။ အနှစ်ချုပ်ကောက်နုတ်ချက်

၀၂။ နောက်ခံသမိုင်းနှင့် အကြောင်းအရာ

၀၃။ မြေပြင်လုပ်ငန်းများ - ၂၀၂၅ မြန်မာငလျင်တွင် သဘာ၀ဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

၃.၁။ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့၀င်၀န်ထမ်းများ ဘေးအန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တပြေးညီပို့ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း

၃.၂။ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရွေ့လျားဆေးပေးခန်း၀န်ဆောင်မှုများ ပံ့ပိုးခြင်း

၃.၃။ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်းနှင့် ကူညီပံ့ပိုးခြင်း

၃.၄။ လူသားချင်းစာနာမှုစိတ်ဓာတ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

၀၄။ ကုမ္ပဏီအုပ်စု၏ ဦးဆောင်သူအကြီးအကဲများမှ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့အား အသိအမှတ်ပြုခြင်းနှင့် ဂုဏ်ပြုဆုများချီးမြှင့်ခြင်း

၀၅။ သဘာ၀ဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ကုမ္ပဏီအုပ်စု၏ ပံ့ပိုးကူညီမှု အကျဉ်းချုပ်

၀၆။ MPRL E&P ၏ သဘာ၀ဘေးကူညီကယ်ဆယ်ရေး ချဉ်းကပ်ဆောင်ရွက်မှုဆင့်ကဲဖြစ်စဉ်

၀၇။ နိဂုံးချုပ်နှင့် အနာဂတ်အတွက်ကြိုတင်ပြင်ဆင်မှု

၀၈။ နောက်ဆက်တွဲ

2025
Myanmar
Earthquake

MPRL E&P
Group of Companies'
Relief and Rehabilitation


# ၀၁

# အနှစ်ချုပ်
# ကောက်နုတ်ချက်

## ၀၁ | အနှစ်ချုပ်ကောက်နုတ်ချက်

MPRL E&P ကုမ္ပဏီအုပ်စုသည် နိုင်ငံတော်၏ စွမ်းအင်ဖူလုံရေး ရည်မှန်းချက်များနှင့်အညီ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့စွမ်းအင်နှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း(MOGE)နှင့် ပူးပေါင်း၍ ပြည်တွင်းစွမ်းအင်ထုတ်လုပ်မှုကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်မှာ ၁၉၉၆ ခုနှစ်ကပင် ဖြစ်ပါသည်။ နှစ်ပေါင်း (၃၀) ခန့်ကာလတွင်လည်း မိမိတို့ MPRL E&P ကုမ္ပဏီအုပ်စုသည် MOGE ၏ စွမ်းအင်မိတ်ဖက်လုပ်ငန်းတစ်ခုအနေဖြင့် နိုင်ငံတော်နှင့် စွမ်းအင်ဝန်ကြီးဌာနအတွက် လိုအပ်သည့်အကူအညီများကို တထောင့်တနေရာမှ အစဉ်တကျကြွစွာ ပါဝင်ပံ့ပိုးခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့တွင် လှုပ်ခတ်ခဲ့သည့် ပြင်းအား (၇.၇) အဆင့်ရှိငလျင်ကြီးသည် သမိုင်းမှတ်တမ်းများအရ ရာစုနှစ်များအတွင်း မြန်မာနိုင်ငံ၏ အပြင်းထန်ဆုံးငလျင်တစ်ခုဖြစ်ပြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးဒေသကြီးနှင့် နေပြည်တော်ကော်စီနယ်မြေအပါအဝင် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသကို ကြီးမားစွာ ပျက်စီးစေခဲ့ပြီး အသက်အိုးအိမ်စည်းစိမ် အမြောက်အများ ဆုံးရှုံးစေခဲ့ပါသည်။ ဤအရေးပေါ်အချိန်ကာလတွင် MPRL E&P ကုမ္ပဏီအုပ်စုသည် မြန်မာပြည်သူများ၊ အစိုးရအဖွဲ့အစည်းများ၊ အထူးသဖြင့် မိမိတို့၏ ရေရှည်မိတ်ဖက်ဖြစ်သော စွမ်းအင်ဝန်ကြီးဌာနတို့နှင့်အတူ တသားတည်းရပ်တည်ကာ အရေးပေါ်ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို အမြန်ဆုံးဆောင်ရွက်နိုင်ရန် စီစဉ်ခဲ့ပါသည်။




| SHAKING | Not felt | Weak | Light | Moderate | Strong | Very strong | Severe | Violent | Extreme |
|---|---|---|---|---|---|---|---|---|---|
| DAMAGE | None | None | None | Very light | Light | Moderate | Moderate/heavy | Heavy | Very heavy |
| PGA(%g) | <0.0464 | 0.297 | 2.76 | 6.2 | 11.5 | 21.5 | 40.1 | 74.7 | >139 |
| PGV(cm/s) | <0.0215 | 0.135 | 1.41 | 4.65 | 9.64 | 20 | 41.4 | 85.8 | >178 |
| INTENSITY | I | II-III | IV | V | VI | VII | VIII | IX | X+ |

Scale based on Worden et al. (2012) Version 21: Processed 2025-04-16T05:13:29Z
△ Seismic Instrument ○ Reported Intensity ★ Epicenter ▭ Rupture



မိမိတို့ MPRL E&P ကုမ္ပဏီအုပ်စုသည် လူမှုတာဝန်သိလုပ်ငန်းများကို အစဉ်လေးစားလိုက်နာသည့် စီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည်နှင့်အညီ ငလျင်ဒဏ်သင့်ဒေသများ၏ အရေးပေါ်လိုအပ်ချက်များကို သိရှိနားလည်၍ ကူညီပံ့ပိုးမှုပေးနိုင်ရန် ကြိုးပမ်းခဲ့ပါသည်။ ထို့ကြောင့် ငလျင်လှုပ်ခတ်ပြီး (၄၈) နာရီအတွင်း ကူညီကယ်ဆယ် ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် မိမိတို့ MPRL E&P ကုမ္ပဏီအုပ်စုမှ ဝန်ထမ်းများဖြင့် မြေငလျင် ကူညီကယ်ဆယ်ရေးအဖွဲ့ (Earthquake Relief Team – ERT) ကို ချက်ချင်းဖွဲ့စည်းကာ နိုင်ငံတော်၏ အုပ်ချုပ်ရေး ဗဟိုချက်ဖြစ်သည့် နေပြည်တော်သို့ သွားရောက်ခဲ့ကြပါသည်။ ဤလုပ်ငန်းစဉ်ကို စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် MPRL E&P ကုမ္ပဏီအုပ်စု၏ အမှုဆောင်အရာရှိချုပ်တို့အကြား တိုက်ရိုက်ဆွေးနွေး မှုများအပြီးတွင် စတင်ခဲ့ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဝန်ကြီးဌာနကလည်း ဝမ်းပမ်းတသာကြိုဆို၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

နေပြည်တော်၌ ငလျင်ကပ်ဘေးကို ကိုယ်တိုင်ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီး စွမ်းအင်ဝန်ကြီးဌာန၏ အဆောက်အဦများ၊ ဝန်ထမ်းများနှင့် မိသားစုများ၏အခက်အခဲများကို ကိုယ်တိုင်မြင်တွေ့ရခဲ့ရသည့် MPRL E&P ကုမ္ပဏီအုပ်စု၏ အမှုဆောင်အရာရှိချုပ်အနေဖြင့် များစွာစိတ်မကောင်း ဖြစ်ရသောကြောင့် ငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်း များကို မြန်ဆန်ထိရောက်စွာပံ့ပိုးဆောင်ရွက်နိုင်ရန် ဦးဆောင်ကော်မတီ၊ လုပ်ငန်းကော်မတီနှင့် လုပ်ငန်းခွဲ ကော်မတီများ ဖွဲ့စည်းကာ စီမံကြီးကြပ်ခဲ့ပါသည်။

ဤသို့ဖွဲ့စည်းပံ့ပိုးမှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ (NDMC) ၏ မူဝါဒများ နှင့်အညီ ဆောင်ရွက်ခဲ့ပြီး စွမ်းအင်ဝန်ကြီးဌာန၏ လိုအပ်ချက်များကို MPRL E&P ကုမ္ပဏီအုပ်စုအနေဖြင့် ဘက် ပေါင်းစုံမှ တတ်စွမ်းသမျှကူညီပံ့ပိုးဆောင်ရွက်နိုင်ရန်နှင့် ဝန်ကြီးဌာနရှိ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ ဘေးကင်း၍ ဝန်ထမ်းများလုပ်ငန်းခွင်သို့ အမြန်ဆုံးပြန်လည်ဝင်ရောက်နိုင်စေရန် ဦးစားပေးရည်ရွယ်ခဲ့ပါသည်။

MPRL E&P ကုမ္ပဏီအုပ်စု၏ ERT အဖွဲ့သည် ငလျင်လှုပ်ခတ်ပြီး (၂၄) နာရီအတွင်း နေပြည်တော်သို့ ပထမ ဆုံးထွက်ခွာခဲ့သည့် အဖွဲ့များအနက် First Responder အဖွဲ့တစ်ဖွဲ့ဖြစ်ခဲ့ပြီး နေပြည်တော်သို့ ရောက်လျှင် ရောက်ချင်းပင် စွမ်းအင်ဝန်ကြီးဌာနသို့ သွားရောက်၍ ဝန်ထမ်းများနှင့်မိသားစုများ၏ စားရေးသောက်ရေး၊ နေရေးထိုင်ရေးနှင့်ကျန်းမာရေးလိုအပ်ချက်အခြေအနေများကို မေးမြန်းဖြည့်ဆည်းပေးသကဲ့သို့ ဆက်လက် ၍လည်း ကူညီစောင့်ရှောက်သွားမည်ဖြစ်ကြောင်း အားပေးစကားများ ပြောကြားခဲ့ပါသည်။ ERT အဖွဲ့က ဆောင်ရွက်ပေးခဲ့သည့် အဓိကလုပ်ငန်းများတွင် -

- **အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း** - စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ထမ်းအိမ်ရာဝန်း အတွင်း၌ ရွေ့လျားကျန်းမာရေးဆေးပေးခန်းဖွင့်လှစ်ခြင်းနှင့် နေပြည်တော်ရှိ အခြားဝန်ကြီးဌာနများ၏ ဝန်ထမ်းအိမ်ရာ များတစ်ဝိုက်၌လည်း ရွေ့လျားဆေးခန်းဝန်ဆောင်မှုပေးခြင်းများပြုလုပ်၍ လူနာ (၇၅၀) ကျော်ကို ဆေးဝါး ကုသမှုပေးခဲ့ပါသည်။

- **အခြေခံလိုအပ်သည့်ပစ္စည်းများပံ့ပိုးခြင်း** - ရေသန့်၊ အရေးပေါ်သုံး လျှပ်စစ်မီးနှင့် သန့်ရှင်းရေးစနစ်များ ပြန်လည်ရရှိရန် ရေကန်များ၊ အိမ်သာများနှင့်မီးစက်များ တပ်ဆင်ပေးခဲ့သည်။ ထိုအတောအတွင်း အစားအစာ၊ သောက်သုံးရေ၊ ယာယီတဲ၊ အိပ်ယာ၊ ခြင်ထောင်နှင့်စောင်များ ပံ့ပိုးခဲ့ပါသည်။

- **အစိုးရလုပ်ငန်းများ ဆက်လက်လည်ပတ်နိုင်ရေးအတွက် ကူညီပံ့ပိုးခြင်း** - စွမ်းအင်ဝန်ကြီးဌာန အတွက် ယာယီရုံးခန်းများဆောက်လုပ်ပေး၍ MoU လက်မှတ်ရေးထိုးခြင်းကဲ့သို့သော အရေးကြီးလုပ်ငန်း များနှင့် နေ့စဉ်ရုံးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် ပံ့ပိုးခဲ့ပါသည်။

- **ယာယီတဲများ ဆောက်လုပ်ပေးခြင်း** - စွမ်းအင်ဝန်ကြီးဌာနမှ ငလျင်ဒဏ်သင့်ဝန်ထမ်းများနှင့် ဝန်းထမ်း မိသားစုများအတွက် ယာယီခိုလှုံရန်နေရာများ ပြင်ဆင်ဆောက်လုပ်ပေးခဲ့ပါသည်။

- **အခြားဝန်ကြီးဌာနများသို့လည်း ကူညီပံ့ပိုးခြင်း** - စွမ်းအင်ဝန်ကြီးဌာနအပြင်၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး အပါအဝင် အစိုးရအဖွဲ့အစည်း (၂၀) ကျော်သို့လည်း သောက်သုံးရေ၊ ဆေးဝါးနှင့် အရေးပေါ်ကျန်းမာရေးဝန်ဆောင်မှုများ ပေးခဲ့ပါသည်။

ထို့ပြင် MPRL E&P ကုမ္ပဏီအုပ်စု၏ ကူညီမှုများတွင် သဘာဝဘေးကူညီကယ်ဆယ်ရေးများလုပ်ဆောင်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီသို့ ငွေကျပ်သန်း (၃၃၀)၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် တွင် အခြေခံပညာစာသင်ကျောင်းများ၌ တက်ရောက်သင်ကြားမည့် စွမ်းအင်ဝန်ကြီးဌာနမှ ဝန်ထမ်းသားသမီး ကျောင်းသူ၊ ကျောင်းသား (၅,၀၀၀) ကျော်အတွက် MPRL E&P ကုမ္ပဏီအုပ်စုဝန်ထမ်းများ၏ စုပေါင်းလှူဒါန်းငွေ ကျပ်သန်း(၆၀)၊ စွမ်းအင်ကဏ္ဍလူ့စွမ်းအားအရင်းအမြစ်တိုးတက်ဖွံ့ဖြိုးစေရေး ရေရှည်မျှော်မှန်းချက်ဖြင့် စွမ်းအင် ဝန်ကြီးဌာန၏ ဝန်ထမ်းမိသားစုများမှ ရေနံအင်ဂျင်နီယာနှင့်ဘူမိဗေဒ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသားများ ပညာဆက်လက်သင်ယူနိုင်ရန်အတွက် MPRL E&P ကုမ္ပဏီအုပ်စု၏ အမှုဆောင်အရာရှိချုပ်နှင့် မိသားစုက အမေရိကန်ဒေါ်လာ (၂၅,၀၀၀) ကနဦးမတည်လှူဒါန်းမှုဖြင့် ပညာသင်ဆုရန်ပုံငွေတစ်ရပ် ထူထောင်ပံ့ပိုးခြင်း များတို့လည်း ပါဝင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ ၂၀၂၅ မြန်မာငလျင်တွင် မိမိတို့ MPRL E&P ကုမ္ပဏီအုပ်စု၏ သဘာဝဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မှုပုံစံသည် ၂၀၂၄ ရာဂီမုန်တိုင်း သဘာဝဘေးအတွင်း ကူညီမှုနှင့်နှိုင်းယှဉ်ကြည့်လျှင် သိသာစွာ တိုးတက်ပြောင်းလဲလာသည်ကို သိမြင်နိုင်ပါသည်။ ၂၀၂၄ ရာဂီမုန်တိုင်း ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် မိမိတို့ ကုမ္ပဏီအုပ်စုအနေဖြင့် ငွေကြေးနှင့်လိုအပ်သည့် ပစ္စည်းအကူအညီများကို အဓိကကူညီပံ့ပိုးဖြစ်ခဲ့ပါသည်။ ယခုအကြိမ်တွင် MPRL E&P ကုမ္ပဏီအုပ်စုသည် ငွေကြေးသီးသန့်လှူဒါန်းမှုသာမက၊ ဝန်ထမ်းများကိုယ်တိုင် သဘာဝဘေးကျရောက်ရာဒေသသို့ သွားရောက်၍ လူသားချင်းစာနာမှုအကူအညီများနှင့် ပြန်လည်ထူထောင် ရေးတာဝန်များကို ထမ်းဆောင်လာနိုင်ခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၂၀၂၅ မြန်မာငလျင်ကြီးကို ကြုံတွေ့ခံစား ရသည့် စွမ်းအင်ဝန်ကြီးဌာနအတွက် MPRL E&P ကုမ္ပဏီများအုပ်စုဝန်ထမ်းများ၏ မြေပြင်တိုက်ရိုက်ကွင်းဆင်း ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုမှတ်တမ်းနှင့် လှူဒါန်းမှုအစုစုတို့ကို ယခုအစီရင်ခံစာဖြင့် ဝမ်းမြောက်ဂုဏ်ယူစွာ တင်ပြအပ်ပါသည်။




# ၀၂

# နောက်ခံသမိုင်းနှင့် အကြောင်းအရာ

## ၀၂ | နောက်ခံသမိုင်းနှင့် အကြောင်းအရာ

၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့၊ မြန်မာစံတော်ချိန် မွန်းလွဲ (၁၂း၅၁း၀၂) အချိန်တွင် ရစ်ချ်တာစကေး (၇.၇) အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ နေပြည်တော်၊ မန္တလေး၊ စစ်ကိုင်းနှင့် အနီးတစ်ဝိုက်ဒေသများ အပါအဝင် မြန်မာနိုင်ငံအလယ်ပိုင်းဒေသအနှံ့အပြားတွင် ပျက်စီးဆုံးရှုံးမှုများ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပေါ်ခဲ့ ပါသည်။ အဆိုပါငလျင်၏ ပြင်းထန်သောသက်ရောက်မှုများကြောင့် နိုင်ငံတော်အစိုးရက နေပြည်တော် ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် အရှေ့မြောက်ပိုင်းနှင့် ပဲခူးတိုင်းဒေသကြီးတို့ကို အရေးပေါ်အခြေအနေဖြစ်ကြောင်း ကြေညာခဲ့ပါသည်။

ငလျင်လှုပ်ခတ်မှုကြောင့် အဆောက်အဦထောင်ပေါင်းများစွာပျက်စီးခဲ့ပြီး သောက်သုံးရေ၊ လျှပ်စစ်နှင့် ကျန်းမာရေးဆိုင်ရာ အရေးကြီးအခြေခံအဆောက်အဦများ ဆိုးရွားစွာပျက်စီးခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ ဇွန်လ (၂၀) ရက်နေ့တွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (National Disaster Management Committee - NDMC) အစည်းအဝေးတွင် အသေအပျောက်စာရင်းများကို အောက်ပါ အတိုင်း ထုတ်ပြန်ခဲ့ပါသည်။

- **သေဆုံးသူ - ၃,၇၅၇ ဦး**
- **ဒဏ်ရာရသူ - ၅,၁၀၄ ဦး**
- **ပျောက်ဆုံးလျက်ရှိသူ - ၄၉ ဦး**

စုစုပေါင်း အိမ်ခြေ (၆၃,၀၀၀) ကျော်၊ စာသင်ကျောင်း (၆,၇၀၀) နှင့် ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများနှင့် သာသနိကအဆောက်အဦ (၅,၀၀၀) ကျော် ထိခိုက်ပျက်စီးခဲ့ပါသည်။ ဆေးရုံများ၊ အခြေခံအဆောက်အဦများနှင့် ရေကာတာ (ဆည်) များတွင်ပါ ကြီးမားသည့် အပျက်အစီးများဖြစ်ပေါ်ခဲ့ပါသည်။ ယင်းသို့ အပျက်အစီးများ အတွက် ပဏာမအကဲဖြတ်ချက်များအရ အိမ်ထောင်စုပေါင်း (၁၂၈,၀၀၀) ကျော် ထိခိုက်ပျက်စီးခဲ့ပြီး လူပေါင်း (၆၂၉,၂၀၆) ဦး အိုးအိမ်ဆုံးရှုံးခဲ့ရကြောင်း ထုတ်ပြန်ထားသည်။

ယင်းသို့အရေးပေါ်အခြေအနေတွင် လူပေါင်း (၄၉,၀၀၀) နီးပါးအတွက် ကယ်ဆယ်ရေးစခန်း (၁၃၅) ခု တည်ဆောက်ခဲ့ပြီး လူပေါင်း (၁၅၉,၀၀၀) ခန့်သည် ကိုယ်တိုင်ပြောင်းရွှေ့နေထိုင်နိုင်ရန် စီစဉ်ခဲ့ကြသည်။ သဘာဝဘေးနှင့်ရင်ဆိုင်ရချိန်တွင် လူပေါင်း (၄၂၁,၀၀၀) ကျော်သည် ၎င်းတို့၏ နေအိမ်များတွင် ဆက်လက် နေထိုင်နိုင်ခဲ့ပြီး ယင်းအချက်သည်ပင် မြန်မာပြည်သူများ၏ ခံနိုင်စွမ်းရည်နှင့် စိတ်ဓာတ်ခိုင်မာမှုကို သက်သေ ပြလျက်ရှိသည်။

အဆိုပါမြေငလျင်ကြောင့် မြန်မာ့စိုက်ပျိုးရေးကဏ္ဍတွင်ပါ ပြင်းထန်စွာထိခိုက်ခဲ့ရာ သီးနှံစိုက်ခင်း ဟက်တာ ပေါင်း (၃.၇) သန်းကျော် ပျက်စီးခဲ့ပါသည်။ စစ်ကိုင်း၊ မန္တလေး၊ ရှမ်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီး တို့သည် ထိခိုက်ပျက်စီးမှု အဆိုးရွားဆုံးဒေသများဖြစ်ပါသည်။ ပခုက္ကူနှင့် ကျောက်ဆည် စသည့်မြို့နယ်များ တွင် စပါးစိုက်ခင်း (၆၅) ရာခိုင်နှုန်းပျက်စီးခဲ့ပြီး ရွှေဘိုနှင့် မြင်းခြံတို့တွင် ဆီထွက်သီးနှံ (၆၅) ရာခိုင်နှုန်း ထိခိုက်ခဲ့ပါသည်။ ထို့ပြင် နိုင်ငံ၏မွေးမြူရေးတိရစ္ဆာန်များ၏ (၆၀) ရာခိုင်နှုန်းရှိသည့် အဆိုပါဒေသများရှိ မွေးမြူရေးနွား (၃.၆) သန်းကျော်မှာလည်း အန္တရာယ်ရှိသည့် အခြေအနေရှိကြောင်း ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (Food and Agriculture Organization - FAO) ၏ DIEM-Impact Assessment အစီရင်ခံစာတွင် ဖော်ပြထားသည်။

ငလျင်လှုပ်ခတ်ပြီးလျှင်ပြီးချင်း ငလျင်လှုပ်ခတ်ရာ လမ်းကြောင်းတစ်လျှောက်ရှိ ဒေသများတွင် အရင်းအမြစ် များနှင့် အခြေခံအဆောက်အအုံများ ပြင်းထန်စွာထိခိုက်ပျက်စီးခဲ့ခြင်းကြောင့် အရေးပေါ်ကယ်ဆယ်ရေး လုပ်ငန်းများ လျင်မြန်စွာ ဖြန့်ကျက်ဆောင်ရွက်နိုင်ရန်နှင့် ငလျင်ဒဏ်ခံရသော ဒေသခံများအတွက် ဆက်လက် ပံ့ပိုးကူညီမှုများ ဆောင်ရွက်နိုင်ရန် ကဏ္ဍပေါင်းစုံပါဝင်သည့် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှုများ လိုအပ်ကြောင်းသိသာထင်ရှားခဲ့ပါသည်။

MPRL E&P သည် ဝန်ထမ်းများနှင့် လိုအပ်သောအရင်းအမြစ်များကို အမြန်ဆုံးစုစည်း၍ ကူညီ ကယ်ဆယ်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု၏ သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ပြင်းထန်စွာ ထိခိုက်ပျက်စီးခဲ့သည့် နေပြည်တော်ရှိ ငလျင်ဒဏ်ခံရသည့်မိသားစုများအတွက် အရေးပေါ် လိုအပ်သောပစ္စည်းများနှင့် မရှိမဖြစ်ဝန်ဆောင်မှုများကို ချက်ချင်းပံ့ပိုးကူညီခဲ့ပါသည်။ ယင်းသို့ ကြိုးပမ်း ဆောင်ရွက်မှုများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (NDMC) က ချမှတ် ထားသည့်မူဝါဒများနှင့် MPRL E&P နှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စွမ်းအင်ဝန်ကြီးဌာန၏ လမ်းညွှန်မှုတို့နှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။

ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အဆင့်လိုက်သတ်မှတ်လုပ်ကိုင်ဆောင်ရွက်ရသည့် အပျက်အစီး အမှိုက်သရိုက်များ ရှင်းလင်းခြင်း၊ အခြေခံအဆောက်အဦများ ပြုပြင်ခြင်း၊ အန္တရာယ်ရှိအဆောက်အအုံများ ဖြိုဖျက်ခြင်းတို့ပါဝင်ပြီး ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် (United Nations Development Programme - UNDP) ၏ ခန့်မှန်းချက်အရ အမှိုက်သရိုက်တန်ချိန် (၂.၅) သန်းခန့် ရှင်းလင်းရန် လိုအပ်ကြောင်းသိရသည်။ ယင်းအခြေအနေတွင် MPRL E&P ၏ ကူညီထောက်ပံ့မှုများနှင့်အတူ နိုင်ငံတကာအရေးပေါ်အကူအညီများ အဖြစ် နိုင်ငံပေါင်း (၂၆) နိုင်ငံမှ အရေးပေါ် ကယ်ဆယ်ရေးဝန်ထမ်း (၂,၀၉၅) ဦး မြန်မာနိုင်ငံသို့ရောက်ရှိခဲ့ပြီး အရေးပေါ်အကူအညီပစ္စည်း (၂,၆၃၅) တန်နှင့် ကယ်ဆယ်ရေးပစ္စည်းကိရိယာ (၁,၁၉၇) တန်တို့ကို သယ်ယူ ပို့ဆောင်ပံ့ပိုးခဲ့ပါသည်။ ယင်းသို့ပံ့ပိုးဆောင်ရွက်မှုများသည် မြန်မာနိုင်ငံ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်း များအတွက် နိုင်ငံတကာ၏ အားကောင်းသောပူးပေါင်းကူညီမှုအဖြစ် ထင်ဟပ်လျက်ရှိပါသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (NDMC) သို့ ရန်ပုံငွေအဖြစ် ပြည်တွင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ လှူဒါန်းပံ့ပိုးမှုများသည် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူများစွာဖြစ်စေခဲ့ပါသည်။ ယင်းသို့လှူဒါန်းမှုများတွင် မြန်မာကျပ် (၁၁၅.၈၇၆) ဘီလီယံ၊ အမေရိကန်ဒေါ်လာ (၂.၄၃၇) သန်း၊ ကိုရီးယားဝမ် (၅) သန်း၊ အိန္ဒိယရူပီး (၁၅) သန်း၊ ထိုင်းဘတ်ငွေ (၂) သန်း၊ စင်ကာပူဒေါ်လာ (၃,၁၅၀) ကျော်ပါဝင်ခဲ့ပါသည်။ အဆိုပါ ရန်ပုံငွေများသည် လက်ရှိဆောင်ရွက်လျက်ရှိသော ကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အဓိကအခန်းကဏ္ဍတစ်ခုလည်းဖြစ်ပါသည်။

ယင်းသို့ လှူဒါန်းမှုများမှရရှိသည့် ရန်ပုံငွေများကို ငလျင်ဒဏ်သင့်ဒေသများရှိ ဒေသခံများ၏ လူနေမှုဘဝနှင့် အခြေခံအဆောက်အဦပြန်လည်တည်ဆောက်ရေးလုပ်ငန်းများအတွက် ထိရောက်သည့်အကူအညီများဖြစ်စေရန် မဟာဗျူဟာမြောက် ဖြန့်ခွဲပံ့ပိုးခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီးသို့ ကျပ် (၆၀) ဘီလီယံ၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ ကျပ် (၅၀) ဘီလီယံ၊ နေပြည်တော်ကောင်စီနယ်မြေအတွက် ကျပ် (၁၀) ဘီလီယံနှင့် ရှမ်းပြည်နယ်အတွက် ကျပ် (၅) ဘီလီယံ တို့ကို အသီးသီးခွဲဝေပံ့ပိုးခဲ့ပါသည်။

၂၀၂၅ မြန်မာငလျင်ကြီး၏ ကနဦးပြန်လည်ထူထောင်ရေးအဆင့်တွင် MPRL E&P ၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်မှုသည် ငလျင်ဒဏ်ခံရသည့် ဒေသခံများအတွက် လတ်တလော ကူညီထောက်ပံ့မှုနှင့် တည်ငြိမ်အေးချမ်းစေမှုကို ပေးစွမ်းရာ၌ အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ဆက်လက်၍ အလယ်အလတ်နှင့် ရေရှည်ပြန်လည်ထူထောင်ရေးအဆင့်များကို ဆောင်ရွက်လာသည်နှင့်အမျှ အခြေခံအဆောက်အဦများပြန်လည်တည်ဆောက်ခြင်း၊ ဝန်ဆောင်မှုများပြန်လည်ဖြည့်ဆည်းပေးခြင်းနှင့် ဒေသ၏ခံနိုင်ရည်ရှိမှုကို မြှင့်တင်ပေးခြင်းတို့တွင် ကုမ္ပဏီ၏ ဆက်လက်ပံ့ပိုးမှုများသည် အမှန်တကယ် လိုအပ်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် အကျပ်အတည်းမှ ပိုမိုအားကောင်းစွာ ရုန်းထွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှု၊ အရေးပေါ်အခြေအနေတွင် ကယ်ဆယ်ရေးလုပ်ငန်းများကို တုံ့ပြန်ဆောင်ရွက်နိုင်စွမ်းနှင့် ဘက်ပေါင်းစုံမှ ပူးပေါင်းဆောင်ရွက်မှုတို့၏အရေးပါပုံကို ယခုအတွေ့အကြုံက ပိုမိုသိသာထင်ရှားစေပါသည်။

## ၂၀၂၅ မြန်မာငလျင်၏ အထင်ကရနေ့စွဲများ

**၂၀၂၅ ခုနှစ်၊**
**မတ်လ (၂၈) ရက်၊**
မြန်မာစံတော်ချိန် နေ့လယ် (၁၂:၅၁) နာရီ။

ငလျင်ကြီးလှုပ်ခတ်ပြီးနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ (NDMC) မှ ငလျင်ဒဏ်သင့်ဒေသများတွင် အရေးပေါ်အခြေအနေကြေညာခဲ့သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ငလျင်ဒဏ်ခံစားခဲ့ရသည့် နေရာများသို့ သွားရောက်ကြည့်ရှုခဲ့သည်။

**၂၀၂၅ ခုနှစ်၊**
**မတ်လ (၂၉) ရက်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် အမျိုးသားအဆင့်ကြေညာမှုအဖြစ် နိုင်ငံတကာနှင့် ပြည်တွင်းအကူအညီများပံ့ပိုးရန် မေတ္တာရပ်ခံခဲ့သည်။

**၂၀၂၅ ခုနှစ်၊**
**မတ်လ (၃၀) ရက်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ငလျင်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို သိရှိနိုင်ရန် မန္တလေးမြို့သို့ သွားရောက်ခဲ့သည်။

**၂၀၂၅ ခုနှစ်၊**
**မတ်လ (၃၁) ရက်။**

နိုင်ငံတော်အဆင့် ဝမ်းနည်းခြင်းအထိမ်းအမှတ်နေ့ရက်အဖြစ် မတ်လ (၃၁) ရက်နေ့မှ ဧပြီလ (၀၆) ရက်နေ့ အထိ (၀၇) ရက်အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်ကြေညာခဲ့သည်။

**၂၀၂၅ ခုနှစ်၊**
**ဧပြီလ (၀၁) ရက်။**

နိုင်ငံတော်အဆင့်ဝမ်းနည်းခြင်းအထိမ်းအမှတ်၊ တစ်နိုင်ငံလုံးအတိုင်းအတာလှုပ်ရှားမှုအဖြစ် တစ်မိနစ်ငြိမ်သက်စွာရပ်တန့်၍ ဦးညွှတ်ဂါရဝပြုခြင်းနှင့် နေပြည်တော်တွင် ဆုတောင်းအမျှဝေလှူဒါန်းမှုများ ဆက်လက်ကျင်းပပြုလုပ်ခဲ့သည်။

**၂၀၂၅ ခုနှစ်၊**
**ဧပြီလ (၀၇) ရက်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြောရေးဆိုခွင့်ရှိသူက ရှင်းလင်းတိကျသော သတင်းဖော်ပြမှုအတွက် ငလျင်ကို **"မန္တလေးငလျင်"** အဖြစ် တရားဝင်အမည်ပေးခဲ့သည်။

**၂၀၂၅ ခုနှစ်၊**
**ဧပြီလ (၂၈) ရက်။**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ငလျင်ကြောင့် အသက်ဆုံးရှုံးခဲ့သည့် ရဟန်းရှင်လူများအားရည်စူး၍ တစ်လပြည့် ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။


E&P
VANTAGE
TOWER


SECURITY
SECURITY








# ၀၃

# မြေပြင်လုပ်ငန်းများ - ၂၀၂၅ မြန်မာငလျင်တွင် သဘာဝဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းများအတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

# ၀၃ | မြေပြင်လုပ်ငန်းများ - ၂၀၂၅ မြန်မာငလျင်တွင် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ အတွက် ညှိနှိုင်းဆောင်ရွက်ခြင်း

အလွန်ပြင်းထန်သည့်မြေငလျင်လှုပ်ခတ်မှုအပြီးတွင် MPRL E&P ကုမ္ပဏီအုပ်စုသည် ကုမ္ပဏီ၏ သဘာဝဘေး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ချက်ချင်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် ရန်ကုန်မြို့ရှိ Vantage Tower ၌ ကုမ္ပဏီအုပ်စု၏ သဘောဝဘေးကူညီကယ်ဆယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၀၀၁/၂၀၂၅) ပြုလုပ်ခဲ့ပြီး ကုမ္ပဏီအုပ်စုတစ်ခုလုံးပါဝင်သည့် ကယ်ဆယ် ရေးလုပ်ငန်းများကို စတင်ခဲ့ပါသည်။

အစည်းအဝေးတွင် အမှုဆောင်အရာရှိချုပ်က မတ်လ (၂၈) ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စု ဝန်ကြီးနှင့်တွေ့ဆုံခဲ့သည့် အခြေအနေများကို ပြန်လည်မျှဝေခဲ့ပြီး သဘာဝဘေးကူညီကယ်ဆယ်ရေးအတွက် ဆောင်ရွက်နိုင်မည့်လုပ်ငန်းများကို လမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ကုမ္ပဏီအုပ်စုအနေဖြင့် ကတိပြုထားသည့် အတိုင်း ဝန်ကြီးဌာနအား ပံ့ပိုးကူညီသွားရန်နှင့် ကုမ္ပဏီ၏ CSR လုပ်ငန်းအဖွဲ့မှအဖွဲ့ဝင်များပါဝင်သည့် မြေပြင်ကွင်းဆင်းဆောင်ရွက်မည့်အဖွဲ့ကို နေပြည်တော်သို့ ချက်ချင်းစေလွှတ်ခဲ့ကြောင်း ထပ်မံအတည်ပြု ခဲ့ပါသည်။ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ယင်းသို့ပံ့ပိုးဆောင်ရွက်မှုကို ဝမ်းမြောက်ကြိုဆိုခဲ့ပြီး ကယ်ဆယ် ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများညှိနှိုင်းဆောင်ရွက်ရာတွင် ဝန်ကြီးရုံး၏ညွှန်ကြားရေးမှူးချုပ်ကို အဓိကဆက်သွယ်ဆောင်ရွက်ရမည့်ပုဂ္ဂိုလ်အဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်။

အမှုဆောင်အရာရှိချုပ်သည် စွမ်းအင်ဝန်ကြီးဌာန၏ပျက်စီးဆုံးရှုံးမှုများနှင့် ဝန်ကြီးဌာနရှိဝန်ထမ်းများ ကြုံတွေ့နေရသည့်အခက်အခဲများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြည့်ရှုခဲ့ပြီးနောက် စနစ်တကျ လုပ်ငန်းအစီအစဉ်များဖြင့် အမြန်ဆုံးပံ့ပိုးကူညီနိုင်ရန် တိုက်တွန်းခဲ့ပါသည်။ ဝန်ကြီးဌာန၏ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများအတွက် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်နှင့်တပြေးညီထိ ရောက်စွာ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်ရန် ကုမ္ပဏီများအုပ်စုအတွင်း ဦးဆောင်ကော်မတီနှင့် လုပ်ငန်း ကော်မတီတို့ကိုဖွဲ့စည်းခဲ့ပြီး ဆပ်ကော်မတီများဖြင့်ပါ ပံ့ပိုးဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။

## ဦးဆောင်ကော်မတီ

| အမည် | ရာထူး |
|---|---|
| ဦးမိုးမြင့် | Chairman & Chief Executive Officer |
| ဦးမျိုးတင် | Deputy Chief Executive Officer & Executive Director |
| ဦးစည်သူမိုးမြင့် | Chief Operating Officer & Executive Director |
| ဒေါ်နုနုလွင် | Chief Compliance Officer |
| ဦးဇော်မင်းစိုး | Chief Administrative Officer |
| ဦးတင့်ဆွေ | Executive Director (Government & Public Affairs) |
| ဦးဟန်စိန် | Executive Advisor |
| ဦးကိုကို | Country Manager & Executive Vice President |
| ဒေါ်မြင့်မြင့်ဆွေ | Group Head of Internal Audit |

## လုပ်ငန်းကော်မတီ

| အမည် | ရာထူး |
|---|---|
| ဦးဇော်မင်းစိုး | Chief Administrative Officer |
| ဒေါ်ဝတ်မှုံတင်လတ် | Head of Corporate Sustainability |
| ဦးနေမျိုးအောင် | HSE Manager |
| ဒေါ်ကေခိုင်မျိုးသွင် | Executive Office Manager |
| ဒေါ်မြင့်မြင့်ဆွေ | Group Head of Internal Audit |
| ဦးဝင်းကို | Assistant General Manager – 2 |
| ဦးသိုက်စိုး | Government Engagement Manager |
| ဒေါ်သဲစုမွန် | General Manager (Vantage Tower) |
| ဦးကိုကိုလှိုင် | Administrative Manager |
| ဦးသက်လွင်အုန်း | Assistant Material & Logistics Manager |
| ဦးကျော်သူလင်း | Deputy Administrative Manager (M&AC) |
| ဦးကျော်ဇင်ထိုက် | Deputy Manager |
| ဒေါ်ယုမွန်စိုးလွင် | Deputy Manager |
| ဦးအောင်သူရ | Corporate Affairs Officer |

ကုမ္ပဏီအုပ်စု၏ အမှုဆောင်အရာရှိချုပ်က သဘာဝဘေးကူညီကယ်ဆယ်ရေးကော်မတီ၏ ရည်မှန်းချက်များကို အောက်ပါအတိုင်း သတ်မှတ်လမ်းညွှန်ခဲ့ပါသည်။

၁၁။ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏မူဝါဒများနှင့် မိမိတို့ကုမ္ပဏီအုပ်စုက ဆောင်ရွက်လျက်ရှိသည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ကိုက်ညီဆီလျော်စွာဆောင်ရွက်ရန်၊

၁၂။ စွမ်းအင်ဝန်ကြီးဌာန၏လိုအပ်သည်များကို MPRL E&P ကုမ္ပဏီအုပ်စုအနေဖြင့် ဘက်ပေါင်းစုံမှ တတ်စွမ်းသမျှ ကူညီပံ့ပိုးဆောင်ရွက်ပေးရန်၊

၁၃။ ဝန်ကြီးဌာနရှိဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများဘေးကင်း၍ ဝန်ထမ်းများလုပ်ငန်းခွင်သို့ အမြန်ဆုံး ပြန်လည်ဝင်ရောက်နိုင်စေရေး ပံ့ပိုးဆောင်ရွက်ရန်၊

MPRL E&P ၏ Chief Operating Officer က လုပ်ငန်းကော်မတီအနေဖြင့် လိုက်နာဆောင်ရွက်ရန် အောက်ပါအတိုင်း သတ်မှတ်လမ်းညွှန်ခဲ့ပါသည်။

၁၁။ စွမ်းအင်ဝန်ကြီးဌာနနှင့်ပေါင်းစပ်၍ မြေပြင်၌လိုအပ်နေသည်များကို အမြန်ဆုံးရရှိနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ရန်၊

၁၂။ မြေပြင်ရှိ CSR လုပ်ငန်းအဖွဲ့က အလိုအပ်ဆုံး (Priority) စာရင်းကို ခွဲခြမ်း၍တင်ပြရန်၊

၁၃။ ရရှိသည့်စာရင်းအပေါ် မူတည်၍ ရန်ကုန်ရုံးချုပ်မှ လိုအပ်သည်များကို အချိန်နှင့်တပြေးညီ ပူးပေါင်းဆောင်ရွက်ရန်၊

၁၄။ ဝယ်ယူနိုင်မည့်ပစ္စည်းများကို ကြိုတင်ဝယ်ယူဖြည့်တင်းထားရန်၊ လိုအပ်ချက်ကြီးမားသည့် ကာလဖြစ်သည့်အတွက် မိမိတို့၏ကုန်ပစ္စည်းတင်သွင်းသူ (Supplier) များနှင့် အမြန်ဆုံးချိတ်ဆက်၍ စီမံဆောင်ရွက်ရန်၊

၁၅။ လုပ်ငန်းကော်မတီများအနေဖြင့် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဆပ်ကော်မတီများအသီးသီး ဖွဲ့စည်းရန်နှင့် လုပ်ငန်းများ လျင်မြန်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့်ဝန်ထမ်းအင်အားနှင့်သာ ဖွဲ့စည်းရန်၊

ဤအပိုင်းတွင် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်အတွင်း ကုမ္ပဏီအုပ်စု၏ ခေါင်းဆောင်မှုဆိုင်ရာ ဆုံးဖြတ်ချက်များ မြန်ဆန်စွာချမှတ်နိုင်မှု၊ လုပ်ငန်းဆိုင်ရာကြိုတင်ပြင်ဆင်ထားရှိမှု၊ လူသားချင်းစာနာစိတ်နှင့် ကျွမ်းကျင်မှုတို့ကိုပေါင်းစပ်ပံ့ပိုးခဲ့သည့် ဌာနပေါင်းစုံပါဝင်သောလုပ်ငန်းအဖွဲ့ဝင်များဖြင့် ဖြန့်ခွဲလုပ်ကိုင်နိုင်စွမ်းတို့ကို အလေးထားဖော်ပြထားပါသည်။

## မြေလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) ဖွဲ့စည်းခြင်းနှင့် စေလွှတ်ကူညီခြင်း

MPRL E&P သည် သဘာဝဘေးကူညီကယ်ဆယ်ရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်း ဆောင်ရွက်မှုများနှင့်အတူ ကုမ္ပဏီအုပ်စု၏ မြေလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) ကို ဦးစွာဖွဲ့စည်း၍ အများပြည်သူအခြေပြု အရေးပေါ်စီမံခန့်ခွဲရေးနည်းလမ်းဖြင့် မြေပြင်အထိကွင်းဆင်းပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို တိုက်ရိုက်ပံ့ပိုးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။ Head of Corporate Sustainability (HCS) ဦးဆောင်သည့် ERT အဖွဲ့တွင် ကုမ္ပဏီအုပ်စုအတွင်းရှိ CSR၊ HSE၊ Logistics၊ Administration & Contracts၊ အင်ဂျင်နီယာ၊ နည်းပညာဝန်ဆောင်မှုနှင့် သယ်ယူပို့ဆောင်ရေးဌာနများမှ ကျွမ်းကျင်သူများပူးပေါင်း၍ အောက်ပါအဖွဲ့ဝင်များဖြင့် ဖွဲ့စည်းခဲ့ပါသည်။

| စဉ် | အမည် | ရာထူး | ကုမ္ပဏီ |
|---|---|---|---|
| ၀၁။ | ဒေါ်ဝတ်မှုံတင်လတ် | Head of Corporate Sustainability | MPRL E&P Pte Ltd. |
| ၀၂။ | ဦးနေမျိုးအောင် | HSE Manager | MPRL E&P Pte Ltd. |
| ၀၃။ | ဒေါက်တာကျော်ရဲထွဋ် | Site Doctor / Safety Officer | MPRL E&P Pte Ltd. |
| ၀၄။ | ဦးစောအယ်စာဘလုထူး | Senior CSR Officer | MPRL E&P Pte Ltd. |
| ၀၅။ | ဦးဟန်လင်းဇော် | Logistics Officer | MPRL E&P Pte Ltd. |
| ၀၆။ | ဒေါ်နော်မေပုလဲထူး | CSR Officer | MPRL E&P Pte Ltd. |
| ၀၇။ | ဦးစောခရစ္စတိုဖာ | CSR Associate | MPRL E&P Pte Ltd. |
| ၀၈။ | ဒေါ်မိုးသန္တာနိုင် | CSR - Support (02) | MPRL E&P Pte Ltd. |
| ၀၉။ | ဒေါ်ဖြိုးအိငယ် | CSR - Support (03) | MPRL E&P Pte Ltd. |
| ၁၀။ | ဦးငွေဇော် | Senior Driver | Myint & Associates Co., Ltd. |
| ၁၁။ | ဦးနိုင်လင်းထွန်း | Senior Driver | Myint & Associates Co., Ltd. |
| ၁၂။ | ဦးကျော်စွာလွင် | Senior Driver | Myint & Associates Co., Ltd. |
| ၁၃။ | ဦးဖြိုးမင်းသက် | Driver | Myint & Associates Co., Ltd. |
| ၁၄။ | ဦးကျော်သူလင်း | Deputy Administrative Manager | Myint & Associates Construction Co., Ltd. |
| ၁၅။ | ဦးစိုင်းဟန်လင်းထွန်း | Executive Engineer (Civil) | Myint & Associates Construction Co., Ltd. |
| ၁၆။ | ဦးသန်းထိုက်အောင် | Assistant Engineer (Electrical) | Myint & Associates Construction Co., Ltd. |
| ၁၇။ | ဦးဇော်ဝင်းမောင် | Technician | Myint & Associates Construction Co., Ltd. |
| ၁၈။ | ဦးသန်းတိုးအောင် | Junior Technician | Myint & Associates Construction Co., Ltd. |

ငလျင်ဒဏ်သင့်ဒေသများတွင် ယခုကဲ့သို့ မြေပြင်အခြေအနေပေါ် မူတည်၍ လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်သည့်အဖွဲ့ဖြင့် တိုက်ရိုက်ကွပ်ကဲဆောင်ရွက်နိုင်ခဲ့ခြင်းသည် ကုမ္ပဏီအုပ်စု၏ မြေငလျင်ကူညီကယ်ဆယ်ရေး လုပ်ငန်းအောင်မြင်မှုအတွက် အရေးပါသည့်အချက်ပင်ဖြစ်ပါသည်။



ကျွန်မတို့ကုမ္ပဏီအနေနဲ့ နိုင်ငံတော်အစိုးရဦးဆောင်တဲ့ သဘာဝဘေး ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ငွေကြေးအားဖြင့် ပံ့ပိုးလှူဒါန်းလေ့ရှိပါတယ်။ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလက တိုက်ခတ်ခဲ့တဲ့ တိုင်ဖွန်းမုန်တိုင်းရာဂီတုန်းကလည်း လှူဒါန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီမြေငလျင် သဘာဝဘေးမှာတော့ ကုမ္ပဏီကဝန်ထမ်းတွေကို ငလျင်ဒဏ်သင့်ရာဒေသဆီ စေလွှတ်ပြီး မြေပြင်တိုက်ရိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ပထမဆုံးအကြိမ် လုပ်ကိုင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။

ဒါက ဝန်ထမ်းတွေ ကိုယ်တိုင်ကိုယ်ကျ လက်တွေ့ပါဝင်လုပ်ကိုင်တဲ့ စေတနာ့ဝန်ထမ်းအလုပ်တွေကို အရင်ကတည်းက အားပေးခဲ့တာကြာပြီဖြစ်တဲ့ ကျွန်မတို့ရဲ့ CSR မဟာဗျူဟာမှာ အရေးပါတဲ့ တိုးတက်ပြောင်းလဲမှုတစ်ခုလို့ မှတ်ယူနိုင်ပါတယ်။ ပျက်စီးမှုပမာဏကို အတိအကျမခန့်မှန်းနိုင်သေးချိန်မှာ အဆိုးဆုံးအခြေအနေတွေအတွက် ကြိုပြင်ဆင်ခဲ့သလို ကျန်းမာရေးဝန်ဆောင်မှုနဲ့ သောက်သုံးရေသန့် ရရှိရေးလို အရေးကြီးတဲ့ အခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းနိုင်ဖို့ ကျွန်မတို့ ကြိုတင်ပြင်ဆင်ခဲ့ပါတယ်။

ကျန်းမာရေးအကူအညီအရေးပေါ် လိုအပ်နေတာမို့ ကျွန်မတို့ရောက်တာနဲ့ တစ်ခါတည်း ရွှေ့လျားဆေးပေးခန်းနဲ့ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုကို ချက်ချင်းပံ့ပိုးနိုင်ခဲ့ပါတယ်။ အဝေးက လိုအပ်တာ ဖြည့်ဆည်းတာထက် ကျွန်မတို့ကုမ္ပဏီရဲ့ ဒီလို မြေပြင်အရောက် ထိထိရောက်ရောက် လာရောက်ပံ့ပိုးတာကို အစိုးရဌာနဆိုင်ရာအကြီးအကဲတွေနဲ့ ငလျင်ဒဏ်ခံရတဲ့ဒေသခံမိသားစုတွေက အားကိုးယုံကြည်ပြီး နွေးနွေးထွေးထွေး ကြိုဆိုခဲ့ကြပါတယ်။

ဒီအဖွဲ့ရဲ့ခေါင်းဆောင်တစ်ဦးအနေနဲ့ အလွန်ခက်ခဲတဲ့အခြေအနေတွေမှာ ကျွန်မတို့အဖွဲ့သားတွေရဲ့ ခံနိုင်စွမ်းရည်၊ စည်းလုံးညီညွတ်မှုနဲ့ မတုန်လှုပ်ဘဲ အားထုတ်ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တာကို အလွန်ဂုဏ်ယူမိပါတယ်။ ရာထူးအဆင့်အတန်းသတ်မှတ်ချက်တွေမရှိဘဲ အားလုံးကစည်းစည်းလုံးလုံးနဲ့ တူညီတဲ့ ရည်မှန်းချက်အတွက် တသားတည်းရပ်တည်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

*ဒေါ်ဝတ်မှုံတင်လတ်၊ Head of Cooperate Sustainability၊ MPRL E&P Pte Ltd.*

## ၃.၁ မြေလျှင်ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်ဝန်ထမ်းများ ဘေးအန္တရာယ်ကင်းစွာ ခရီးသွားလာနိုင်ရန်နှင့် ကယ်ဆယ်ရေးပစ္စည်းများ အချိန်နှင့်တပြေးညီပို့ဆောင်နိုင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း

မြေလျှင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) သည် အရေးပေါ်ထောက်ပံ့ရေး အကူအညီပစ္စည်းများဖြစ်သည့် သောက်ရေသန့်ဘူးများ၊ အိပ်ရာခင်း (ဖျာ)၊ ခေါက်ဆွဲခြောက်၊ အရေးကြီး ဆေးဝါးများနှင့် ရှေးဦးပြုစုနိုင်မည့် ကိရိယာများပါဝင်သည့်အိတ်များ (First Aid Kits) ကို ထုပ်ပိုး၍ မတ်လ (၂၉) ရက် နံနက်ပိုင်းတွင် နေပြည်တော်သို့ ထွက်ခွာရန် အသင့်ပြင်ဆင်ခဲ့ပါသည်။ မွန်းလွဲ (၁၂:၀၀) အချိန်တွင် အဖွဲ့သည် ရန်ကုန်မှ နေပြည်တော်သို့ နာရီပေါင်း (၀၈) နာရီနီးပါး ကြာမြင့်သည့်ခရီးကို စတင်ခဲ့ပြီး ည (၁၀:၀၀) နာရီခန့်တွင် နေပြည်တော်သို့ ရောက်ရှိခဲ့ပါသည်။

ERT အဖွဲ့သည် ငလျင်ဒဏ်ကြောင့် ပျက်စီးလျက်ရှိသည့် လမ်းများတွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေး အတွက် သွားလာနိုင်မည့် လမ်းကြောင်းသို့ လိုအပ်သလို ပြောင်းလဲပြင်ဆင်ကာ ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် လမ်းဟောင်းနှစ်ခုလုံးကို အသုံးပြုနိုင်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။

ခရီးစဉ်မတိုင်မီ ကြိုတင်ပြင်ဆင်မှုအဖြစ် ERT အဖွဲ့သည် ငလျင်ဒဏ်ကြောင့် အဝေးပြေးလမ်းများတွင် အပျက်အစီးများစွာဖြစ်ပေါ်ခဲ့သည့်အတွက် M&AS နှင့် မော်တော်ယာဉ်ဌာနအဖွဲ့ဝင်များနှင့် အနီးကပ် ပူးပေါင်း၍ ဘေးအန္တရာယ်ကင်းရှင်းရေး လမ်းကြောင်းအခြေအနေများကို ဆန်းစစ်အကဲဖြတ်ပြီး ခရီးဆက်ခဲ့ပါသည်။ ညအချိန်ခရီးသွားလာခြင်း၏ အန္တရာယ်နှင့် မြင်ကွင်းမရှင်းလင်းမှုကြောင့် နှောင့်နှေးကြန့်ကြာမှုများကို လျှော့ချရန်နှင့် ယာဉ်မောင်းနှင်ချိန်အန္တရာယ်ရှိနိုင်သည့် အခြေအနေများကို ရှောင်ရှားနိုင်ရန် ERTအဖွဲ့သည် အခြားအဝေးပြေးလမ်းမကြီးတစ်ခုကို ပြောင်းလဲမောင်းနှင်နိုင်ရန် ရွေးချယ်ခဲ့ပါသည်။



ERT အဖွဲ့သည် ခရီးစဉ်အတွင်း လမ်းစည်းကမ်းချက်ဆိုင်ရာ အခက်အခဲတစ်ရပ်နှင့်ကြုံတွေ့ခဲ့ရသည်။ ERT အဖွဲ့၏ ကုန်တင်ကားကြီးအနေဖြင့် အမြန်လမ်းမကြီး အသုံးပြုခွင့်မရှိ၍ အမြန်လမ်းမိုင်တိုင် (၀) ရှိ သက်ဆိုင်ရာတာဝန်ရှိသူများကို သဘာဝဘေးကယ်ဆယ်ရေးအတွက် အရေးပေါ်သွားရောက်ခြင်း ဖြစ်ကြောင်းရှင်းပြခဲ့ရာ အမြန်လမ်းတာဝန်ရှိသူများက ကုန်တင်ကားကြီးကို ဖြတ်သန်းမောင်းနှင်ခွင့်ပြုခဲ့

ပါသည်။ ထို့ပြင် ခရီးစဉ်တစ်လျှောက် ဘေးကင်းလုံခြုံစွာသွားလာနိုင်မည့် လမ်းကြောင်းအခြေအနေဆိုင်ရာ အချက်အလက်များကိုလည်း အချိန်နှင့်တပြေးညီ သိရှိနိုင်ရန် ချိတ်ဆက်မေးမြန်းခဲ့ရသည်။

နေပြည်တော်သို့ ရောက်ရှိချိန်တွင် နေပြည်တော်တစ်ဝိုက်သည် အမှောင်ထုနှင့် တိတ်ဆိတ် ငြိမ်သက်နေခဲ့ပြီး လျှပ်စစ်မီး၊ ရေ၊ ဖုန်းလိုင်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများပါ ပြတ်တောက်နေသည့်အခြေအနေဖြစ်ပါသည်။ စွမ်းအင်ဝန်ကြီးဌာန၏ ဝန်ထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်အများစုနေထိုင်လျက်ရှိသည့် နေပြည်တော်ရှိ ဧက-၁၀၀၀ ရှိ အဆောက်အဦအပျက်အစီးများကြားတွင် အဆိုပါမိသားစုများသည် အမိုးအကာမရှိဘဲ နေထိုင်နေခဲ့ရသည်။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ERT အဖွဲ့ဝင်များက အဆိုပါနေရာရှိ မိသားစုများနှင့် တွေ့ဆုံကာ အားပေးစကားများပြောကြားခဲ့ပြီး ချက်ချင်းဖြည့်ဆည်းရမည့် လိုအပ်ချက်များပံ့ပိုးနိုင်ရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ အမြန်ဆုံးပံ့ပိုးနိုင်ရန် သင့်လျော်သည့်နေရာ တစ်ခုကို ရွေးချယ်ခဲ့ပါသည်။ ထို့ပြင် လက်ကိုင်ဆိုလာမီးများ၊ အစားအသောက်များနှင့် သောက်ရေသန့်ဘူး များကို အမှောင်ထဲရှိ ငလျင်ဒဏ်ခံစားခဲ့ရသည့်မိသားစုများထံ ချက်ချင်းဖြန့်ဝေပေးခဲ့ပါသည်။






ည (၁၁:၀၀) နာရီခန့်အချိန်တွင် ERT အဖွဲ့သည် Park Royal ဟိုတယ်သို့ရောက်ရှိခဲ့ရာ ထိုဟိုတယ် သည်လည်း ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများရှိနေ၍ တည်းခိုရန်နေရာထိုင်ခင်း အခက်အခဲများရှိခဲ့ ပါသည်။ သို့ရာတွင် ERT အဖွဲ့ဝင်များအကြား အချင်းချင်းဖေးမကူညီမှုစိတ်ဓာတ်ဖြင့်ပင် ရရှိလာသည့် ဟိုတယ်အခန်းများ၌ အဆင်ပြေသလိုစုပေါင်းနေထိုင်ခဲ့ကြပါသည်။ နေပြည်တော်သို့ ရောက်ရှိလာသည့် အခြားကူညီကယ်ဆယ်ရေးအဖွဲ့များသည်လည်း တည်းခိုရန်နေရာအခက်အခဲရှိနေ၍ ဟိုတယ်၏ Spa ကဲ့သို့နေရာများကို အိပ်စက်ရန်နေရာအဖြစ် အသုံးပြုနေထိုင်ခဲ့ကြပါသည်။

ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများကြားတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ရက်ရှည် လုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်၍ ERT အဖွဲ့ဝင်များအနေဖြင့်လည်း တုန်လှုပ်ခြောက်ခြားပြီး စိတ်ပျက် အားလျော့ခြင်းမရှိစေရန်နှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ရည်မှန်းချက်အတိုင်း အပြည့်အဝလုပ်ကိုင် ဆောင်ရွက်နိုင်ရန်ကိုသာ ဦးတည်ကြိုးပမ်းခဲ့ပါသည်။  နေပြည်တော်သို့ ရောက်ရှိပြီး နောက်တစ်နေ့နံနက်တွင်

ရွှေ့လျားဆေးပေးခန်းများ ဖွင့်လှစ်၍ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ချက်ချင်းပံ့ပိုးနိုင်ရန် ယင်းညတွင်းချင်းပင် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးပြင်ဆင်ခဲ့ကြသည်။ ထို့ပြင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ထိရောက်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန်နှင့် ဖြန့်ကျက်ဆောင်ရွက်နိုင်ရန် ရန်ကုန်ရုံးချုပ်ထံမှ ရယူနိုင်မည့်အရေးပေါ်လိုအပ်သည့် အထောက်အပံ့ပစ္စည်းများစာရင်းကိုလည်း ဝိုင်းဝန်းပြုစုခဲ့ပါသည်။

ယင်းကဲ့သို့ ညှိနှိုင်းဆောင်ရွက်မှု၊ အခြေအနေအလိုက်ပြောင်းလဲပြင်ဆင်နိုင်မှုနှင့်ဘေးကင်းလုံခြုံမှုကို ရှေးရှုသည့် နည်းလမ်းများဖြင့် ကုမ္ပဏီအုပ်စု၏သယ်ယူပို့ဆောင်ထောက်ပံ့ရေးဆိုင်ရာအစီအမံများကို စည်းကမ်းတကျလိုက်နာဆောင်ရွက်ကာ အရေးပေါ်အခြေအနေတွင် လူသားချင်းစာနာမှုအကူအညီများကို ချက်ချင်းပံ့ပိုးနိုင်ရန် ဆောင်ရွက်ခဲ့ပါသည်။









ကျွန်တော်တို့ရဲ့ မြေငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်းမှာ စနစ်တကျ ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ပြီး ပြောင်းလွယ်ပြင်လွယ်ရှိတဲ့ အစီအစဉ်တွေနဲ့ ရနိုင်မယ့်အရင်းအမြစ်တွေကို အချိန်နဲ့တပြေးညီဖြန့်ခွဲလုပ်ကိုင်နိုင်ခဲ့တာတွေကို တွေ့နိုင်ပါတယ်။ အရေးပေါ်အခြေအနေမှာ သောက်သုံးရေ၊ ယာယီတဲတွေနဲ့ လျှပ်စစ်မီးလို အခြေခံလိုအပ်ချက်တွေကို အမြန်ဆုံးဖြန့်ဖြူးနိုင်ဖို့ နဂိုလုပ်လေ့လုပ်ထရှိတဲ့ နည်းလမ်းတွေနဲ့ မလုံလောက်တဲ့အတွက် စွမ်းအင်ဝန်ကြီးဌာနနဲ့ တခြားအဖွဲ့အစည်းတွေနဲ့ပါ ချိတ်ဆက်ပြီး စက်ယန္တရားကြီးတွေရယူခဲ့ရပါတယ်။ ပစ္စည်းသယ်ယူထောက်ပံ့ရေးလုပ်ငန်းတွေတင်မကဘဲ ငလျင်ဒဏ်ခံရတဲ့ဒေသခံတွေဆီ တိုက်ရိုက်ထိတွေ့ရောက်ရှိပြီး ပံ့ပိုးနိုင်ဖို့ကလည်း အလွန်အရေးကြီးခဲ့ပါတယ်။ ငလျင်ဒဏ်ခံခဲ့ရတဲ့မိသားစုတွေရဲ့ ခံစားချက်တွေကို နားထောင်ပေးတာ၊ အားပေးစကားပြောပေးတာ၊ မူလနေထိုင်ခဲ့ရတဲ့အခြေအနေတွေကို ဂုဏ်သိက္ခာရှိရှိနဲ့ ပြန်လည်ထိန်းသိမ်းနေထိုင်နိုင်အောင် အကူအညီပေးခဲ့တာတွေက ယုံကြည်မှုတည်ဆောက်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေပံ့ပိုးနိုင်ဖို့ အဓိကအခန်းကဏ္ဍက ပါဝင်ခဲ့ပါတယ်။ မြေပြင်မှာလက်တွေ့ကရုဏာတရားနဲ့ စာနာဖေးမခဲ့တာတွေက အထောက်အပံ့အကူအညီတွေ ပံ့ပိုးရသလိုပဲအရေးပါခဲ့ပါတယ်။

ကျွန်တော်တို့ မြေငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့ရဲ့ ခံနိုင်စွမ်းရည်၊ လိုက်လျောညီထွေဖြစ်မှုနဲ့ ကျွမ်းကျင်မှုတွေအတွက် အလွန်ဂုဏ်ယူမိပါတယ်။ စိတ်ပိုင်းဆိုင်ရာနဲ့ ထောက်ပံ့ပို့ဆောင်ရေးစိန်ခေါ်မှုတွေကြားကနေ ကျွန်တော်တို့ကုမ္ပဏီအုပ်စုနဲ့ ဝန်ကြီးဌာနရဲ့ဦးဆောင်မှုတွေနဲ့ အညီ ထိခိုက်ခံစားရတဲ့မိသားစုတွေအတွက် အဓိပ္ပာယ်ရှိတဲ့ အပြောင်းအလဲတွေဖြစ်အောင် ကျွန်တော်တို့အားလုံး ကိုယ်ချင်းစာတရားနဲ့ အလေးထားကူညီပံ့ပိုးနိုင်ခဲ့ပါတယ်။

*ဦးနေမျိုးအောင်၊ HSE Manager၊ MPRL E&P Pte Ltd.*

## ၃.၂ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုနှင့် ရွှေ့လျားဆေးပေးခန်းဝန်ဆောင်မှုများပံ့ပိုးခြင်း

၂၀၂၅ ခုနှစ်၊ မတ်လ (၃၀) ရက်နေ့တွင် မြေလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) သည် ဧက-၁၀၀၀ ရှိ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းဝန်ထမ်းအိမ်ရာများရှိသည့် စုရပ်တွင် ရွှေ့လျားဆေးပေးခန်းတစ်ခုကို ဖွင့်လှစ်ခဲ့ပါသည်။ ရွှေ့လျားဆေးပေးခန်းကို မန်းရေနံမြေမှ ရွှေ့ပြောင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ရေနံမြေတာဝန်ခံဆရာဝန်၊ ဒေသခံကျန်းမာရေးအထောက်အကူပြုဝန်ထမ်း (၂) ဦးနှင့် အတူ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးခဲ့ပါသည်။ မန်းရေနံမြေတွင် ရွှေ့လျားဆေးပေးခန်း ဖွင့်လှစ်ခဲ့သည့် လုပ်ထုံးလုပ်နည်းနှင့် စံသတ်မှတ်ချက်များဖြစ်သည့် -

- လူနာစာရင်းရေးသွင်းခြင်း
- သွေးပေါင်ချိန်စစ်ဆေးခြင်း
- ကျန်းမာရေးစစ်ဆေးမှုနှင့် ရောဂါရှာဖွေခြင်း
- ဆေးညွှန်းထုတ်ပေးခြင်းနှင့် လိုအပ်သည့်ဆေးဝါးများ အခမဲ့ပံ့ပိုးခြင်း စသည့် လုပ်ငန်းအဆင့်များအတိုင်း အရေးပေါ်ဆေးပေးခန်းကိုဖွင့်လှစ်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုများကိုထိရောက်စွာပံ့ပိုးခဲ့ပါသည်။












လျှောင်လှုပ်ပြီးနောက်တစ်ရက်မှာပဲ MPRL E&P ရဲ့ မြေလျှင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) ရဲ့ အဖွဲ့ဝင်အနေနဲ့ နေပြည်တော်ကို သွားတဲ့အချိန်မှာ အရေးပေါ်အခြေအနေ၊ တာဝန်ရှိမှုနဲ့ စပြီးရင်ဆိုင်ရမယ့် စိန်ခေါ်မှုတွေပါရောထွေးပြီး ကျွန်တော်တွေးနေမိပါတယ်။ စစချင်း စိုးရိမ်တာက သဘာဝဘေးတစ်ခုဖြစ်ပြီဆိုတာနဲ့ လူတွေရဲ့ အသက်အိုးအိမ် ထိခိုက်ဆုံးရှုံးမှုတွေ ဘယ်လောက်ရှိမယ်ဆိုတာ မှန်းဆမရနိုင်တဲ့အခြေအနေမို့ဘေးအန္တရာယ်လျော့ပါးသက်သာရေးလုပ်ငန်းတွေမှာ ကျွန်တော်တို့အဖွဲ့အနေနဲ့သေချာ ပံ့ပိုးကူညီရမယ်ဆိုတာကို နားလည်သိရှိပြီး တကယ့်တာဝန်ကြီးတစ်ရပ်ကို ထမ်းဆောင်ရမယ်လို့ခံစားမိပါတယ်။ ဒီလိုငလျင်ဒဏ်ခံရတဲ့ဒေသမှာ အသက်အိုးအိမ်အများအပြား ထိခိုက်ပျက်စီးလိမ့်မယ်လို့ မှန်းဆထားပေမယ့်လည်း အခြေအနေဘယ်လောက်ပြင်းထန်မလဲ၊ အထောက်အပံ့ပစ္စည်းတွေကို ဘယ်ကရနိုင်မလဲ၊ လိုအပ်နေသူတွေအတွက် ဘယ်လိုအကောင်းဆုံးကူညီပေးနိုင်မလဲ ဆိုတာတွေက သေချာမသိနိုင်ခဲ့ပါဘူး။ ဒါပေမဲ့လည်း ဒီလိုမသေချာမှုတွေကို ရင်ဆိုင်ဖြေရှင်းရာမှာ ကျွန်တော်တို့ရဲ့ အသင်းအဖွဲ့စိတ်ဓာတ်နဲ့ အသိပညာတွေကအရေးကြီးကြောင်း သိခဲ့ရပါတယ်။ လိုအပ်တဲ့ပစ္စည်းကိရိယာတွေ၊ အသိပညာနဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ထိရောက်အောင်ပေါင်းစပ်ညှိနှိုင်းမှုတွေနဲ့ ကြိုတင်ပြင်ဆင်မှုအပေါ်မှာပဲ ကျွန်တော်တို့ အာရုံစိုက်ထားခဲ့ကြပါတယ်။ အသက်ရှင်ကျန်ရစ်တဲ့ မိသားစုတွေအတွက် စိတ်ပိုင်းဆိုင်ရာအားပေးကူညီမှု အတော်လိုအပ်နေတာကို ကျွန်တော် တွေ့ခဲ့ရပါတယ်။ ကျွန်တော်တို့ရဲ့ တာဝန်က အထောက်အပံ့အကူအညီပေးရုံတင်မဟုတ်ဘဲ အရေးပေါ်အခြေအနေမှာ စိတ်ချလက်ချနေနိုင်ဖို့နဲ့ ရှင်သန်သူတွေအတွက် စိတ်သက်သာမှု ပေးနိုင်ဖို့လည်းဖြစ်ပါတယ်။

အဓိကကတော့ ပူးပေါင်းဆောင်ရွက်မှုရဲ့အရေးပါပုံကို တွေ့မြင်ခဲ့ရပြီး ကျွန်တော်တို့ ERT အဖွဲ့ တစ်ဖွဲ့လုံးက အလိုအပ်ဆုံးနေရာတိုင်းမှာ အကူအညီတွေပေးနိုင်ဖို့ စိတ်တူကိုယ်တူနဲ့စည်း စည်းလုံးလုံး လုပ်ကိုင်ပံ့ပိုးနိုင်ခဲ့ကြတဲ့အတွက် ဒီလုပ်ငန်းတွေကို ထိထိရောက်ရောက်နဲ့ အကျိုးရှိအောင် ဆောင်ရွက်နိုင်ခဲ့တာလည်း ဖြစ်ပါတယ်။ ဒါကိုပြန်ကြည့်ရင် ဒီအတွေ့အကြုံက သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းနဲ့ပတ်သက်ပြီး မသေချာမှုတွေနဲ့ရင်ဆိုင်ရတဲ့အခါ လျင်လျင်မြန်မြန်တုံ့ပြန်ဆောင်ရွက်တာ၊ ညှိနှိုင်းပေါင်းစပ်လုပ်ကိုင်တာနဲ့ ကြံ့ကြံ့ခံနိုင်စွမ်း ဒါတွေရဲ့ အရေးပါမှုက ပိုသေချာစေတယ်လို့လည်း ကျွန်တော်မြင်ပါတယ်။ ဒီအတွေ့အကြုံက တကယ်လိုအပ်နေသူတွေကို ကူညီကယ်ဆယ်ဖို့ အတူပူးပေါင်းလုပ်ကိုင်ကြချိန်မှာ ကျွန်တော်တို့ရဲ့သက်ရောက်မှုကို သတိရမိစေတဲ့ အခိုက်အတန့်တစ်ခုဖြစ်ခဲ့ပါတယ်။

***ဒေါက်တာကျော်ရဲထွဋ်၊ Site Doctor၊ MPRL E&P Pte Ltd.***










FIRST AID KIT
FIRST AID KIT
SIGAS









































ထိခိုက်ဒဏ်ရာရလူနာများစွာကို ကျန်းမာရေးစောင့်ရှောက်မှုများပိုမိုရရှိနိုင်စေရန် ဆေးပေးခန်းကို အထိုင်ဆေးခန်းနှင့် ရွေ့လျားဆေးပေးခန်းအဖြစ်ပါ ဖွင့်လှစ်ခဲ့ပြီး ဌာနဆိုင်ရာဝန်ထမ်းများနေထိုင်ရာ ယာယီစခန်းများတွင်သာမက ဒေသခံများရှိသည့်လမ်းများနှင့် ယာယီတဲများအထိပါ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ပံ့ပိုးခဲ့ပါသည်။ အဓိကပံ့ပိုးခဲ့သည့် ကျန်းမာရေးစောင့်ရှောက်မှုများအဖြစ် -

- **ရှေးဦးပြုစုခြင်းနှင့် ထိခိုက်ဒဏ်ရာများကုသပေးခြင်း** - အရိုးကျိုးဒဏ်ရာများ၊ အနာတရ ဒဏ်ရာများနှင့် သွေးတိုး၊ ဆီးချိုကဲ့သို့ နာတာရှည်ရောဂါများအတွက် ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း။
- **ဆေးပေးခန်းကို နေရာရွှေ့ပြောင်းဖွင့်လှစ်ပေးခြင်း** - ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သူအများအပြားကို ပံ့ပိုးနိုင်ရန် ယာယီကယ်ဆယ်ရေးစခန်းများနှင့် ခေတ္တပြောင်းရွှေ့နေထိုင်ကြသည့် နေရာများအရောက် ဆေးပေးခန်းကို နေရာရွှေ့ပြောင်းဖွင့်လှစ်ပေးခြင်း။
- **အိမ်တိုင်ရာရောက်ကုသမှုပေးခြင်း** - ဆေးပေးခန်းသို့ လာရောက်ရန် အခက်အခဲရှိသူများထံ အိမ်တိုင်ရာရောက် သွားရောက်၍ တိုက်ရိုက်ကျန်းမာရေး ဝန်ဆောင်မှုပေးခြင်း။
- **သယ်ယူပို့ဆောင်ရေးအကူအညီပေးခြင်း** - လမ်းပန်းဆက်သွယ်ရေးနှင့် ယာဉ်အခက်အခဲကြောင့် သွားလာရန် အခက်အခဲရှိသူများကို ဆေးခန်းဖွင့်လှစ်ကုသလျက်ရှိသည့် အနီးဆုံးနေရာများသို့ စိတ်ချလုံခြုံစွာ လာရောက်ပြသနိုင်ရန် အကြိုအပို့စီစဉ်၍ ပံ့ပိုးခြင်း။

မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့သည် ငလျင်လှုပ်ခတ်ပြီး အသက်ရှင်ကျန်ရစ်သူမိသားစုများ၏ ရင်နင့်ဖွယ်ဖြစ်ရပ်များကိုလည်း စိတ်မကောင်းစွာကြားသိခဲ့ရသည်။ (ဥပမာ- အမျိုးသမီးတစ်ဦးသည် ငလျင်လှုပ်ခတ်ချိန်တွင် အိမ်အတွင်းတစ်နေရာမှလွင့်စင်ကာ နံရံနှင့်ပြင်းထန်စွာထိခိုက်မိ၍ ကျောပြင်တစ်ခုလုံး ထိခိုက်ဒဏ်ရာရကာ သတိမေ့လျော့သွားခြင်း၊ ပြိုကျပျက်စီးနေသည့် အဆောက်အအုံအပျက်အစီးများကြားတွင် ဒဏ်ရာရပြီး မပြေးလွှားနိုင်သဖြင့် အဖိုးအဖွားကျန်ရစ်ခဲ့ခြင်း စသည့်အဖြစ်အပျက်မျိုးစုံကို ကြားသိခဲ့ရသည်။)




ERT အဖွဲ့အနေဖြင့် အရေးပေါ်ကုသမှုပေးရန် လိုအပ်သူအများစုကို ဆေးရုံများသို့ အချိန်နှင့်တပြေးညီ ပို့ပိုးနိုင်ရန် လွှဲပြောင်းပို့ဆောင်ခဲ့သော်လည်း သွေးတိုးနှင့်ဆီးချိုကဲ့သို့ ဝေဒနာရှင်များအတွက် အဆောက်အဦအပျက်အစီးများကြားတွင် ဆေးများပြန်လည်ရယူရန် ခက်ခဲသည့်အခြေအနေဖြစ်၍ လတ်တလောသောက်သုံးရမည့်ဆေးဝါးများကို အမြန်ဆုံးပို့ပိုးနိုင်ရန် လိုအပ်ခဲ့ပါသည်။

အဓိကကုသမှုပေးခဲ့ရသည့် ကျန်းမာရေးပြဿနာများတွင် -

- ငလျင်နောက်ဆက်တွဲ မူးဝေနောက်ကျိသည့် လက္ခဏာများ
- မောပန်းနွမ်းနယ်ခြင်း၊ ကြွက်သားနှင့်အရိုးများ နာကျင်ကိုက်ခဲခြင်း
- အသေးစားထိခိုက်ဒဏ်ရာများနှင့် အိပ်မပျော်ခြင်းတို့ ပါဝင်သည်။

ရွေ့လျားဆေးပေးခန်းသည် အခမဲ့ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့သည်အပြင် ငလျင်ဒဏ်ခံရသည့် မိသားစုများအနေဖြင့် ဆက်တိုက်ဖြစ်ပေါ်နေသော နောက်ဆက်တွဲငလျင် လှုပ်ခတ်မှုများနှင့် မတည်ငြိမ်သည့် အခြေအနေများအတွင်း စိတ်သက်သာရရစေရန် ၎င်းတို့ပြောစကားများကို စာနာစိတ်ဖြင့် အလေးထား၍ နားထောင်ပေးခဲ့ပြီး ဆေးကုသမှုပေးနေစဉ်တွင်လည်း စိတ်အားမငယ်စေရန် အားပေးနှစ်သိမ့်စကားများ ပြောကြားပေးခဲ့ပါသည်။

MPRL E&P သည် မြေငလျင်ကူညီကယ်ဆယ်ရေး ရွေ့လျားဆေးပေးခန်းအစီအစဉ်ဖြင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်သူ စုစုပေါင်း (၇၅၀) ဦးအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ပို့ပိုးနိုင်ခဲ့ပါသည်။ လူနာများအနက် အမျိုးသား (၃၂) ရာခိုင်နှုန်း၊ အမျိုးသမီး (၆၈) ရာခိုင်နှုန်းနှင့် အသက် (၆၅) နှစ်အထက် သက်ကြီးရွယ်အို (၁၃) ရာခိုင်နှုန်း တို့ပါဝင်ခဲ့ပြီး ကျန် (၈၆) ရာခိုင်နှုန်းသည် အသက် (၁၆) နှစ်မှ (၆၄) နှစ်အတွင်း လူနာများဖြစ်ပါသည်။ ဤအစီအစဉ်သည် ကျယ်ပြန့်စွာလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၏ အစိတ်အပိုင်းတစ်ခုဖြစ်ခဲ့ပြီး ငလျင်ဒဏ်ခံစားရသူများ၏ နာကျင်မှုလျော့ပါးသက်သာစေရန်နှင့် ဆေးဝါးကုသမှုများ အချိန်နှင့်တပြေးညီရရှိစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

ဧပြီလ (၁၈) ရက်နေ့တွင် MPRL E&P ၏ မြေငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်းစဉ်ကို အဆုံးသတ်ခဲ့ပြီး ငလျင်ဒဏ်ခံရသည့်မိသားစုများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများ ဆက်လက်ပို့ပိုးနိုင်ရန် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၏ တာဝန်ခံဆရာဝန်ထံ ကျန်ရှိနေသောဆေးဝါးအထောက်အပံ့များကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။



Head of Corporate Sustainability ဦးဆောင်တဲ့ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) မှာ နေပြည်တော်က ငလျင်ဒဏ်ခံရတဲ့ မိသားစုတွေကို ကူညီဖို့ တာဝန်ပေးခံရတဲ့အတွက် ကျွန်မအနေနဲ့ ဝမ်းသာပျော်ရွှင်မိပါတယ်။ ဒီအကြောင်းကို ကျွန်မမိသားစုကိုပြောပြတော့ ဝမ်းသာဂုဏ်ယူကြပေမယ့် ကျွန်မလုံခြုံရေးကိုလည်း သူတို့က စိုးရိမ်ကြပါတယ်။ ရေ၊ အစားအစာနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေရဖို့ ခက်ခဲတဲ့ဒေသတွေထဲမှာ နေပြည်တော် လည်းပါနေတော့ ပိုပြီးတော့ အကူအညီပေးချင်စိတ် ဖြစ်ခဲ့ပါတယ်။

ကျွန်မတို့ရောက်တော့  ငလျင်လှုပ်တဲ့အချိန်မှာ မပြေးနိုင်လို့ ခြေလက်ကျိုးပွဲ့တာ၊ ဦးခေါင်းဒဏ်ရာ၊ ထိခိုက်ဒဏ်ရာတွေနဲ့ အဖိုးအဖွားတွေတွေ့ရတော့ တကယ်စိတ်မကောင်းဖြစ်ရပါတယ်။ သူတို့ကိုကြည့်ပြီး ကျွန်မမိဘတွေလိုသဘောထားပြီး အကောင်းဆုံးကူညီနိုင်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပါတယ်။ ကျွန်မတို့ရဲ့တာဝန်ခံ ဆရာဝန်ရဲ့လမ်းညွှန်မှုနဲ့အညီ လူနာတွေကို မမောနိုင်မပန်းနိုင်ကူညီပေးခဲ့ပါတယ်။ အများစုက သူတို့ရင်ဆိုင်ရတဲ့အခြေအနေတွေကို ပြောပြချင်တော့ ကျွန်မတို့က နားထောင်ပေးရင်ကို သူတို့အတွက် အတော်သက်သာရာရစေပါတယ်။ ရွှေ့လျားဆေးပေးခန်းအဖွဲ့သားတွေအားလုံးကို အလွန်ကျေးဇူးတင်ပြီး တန်ဖိုးထားတဲ့အကြောင်းလည်း သူတို့ကဆိုကြပါတယ်။

ထမင်းဘူးနဲ့ ရေဘူးတွေဝေတော့ ကျွန်မတို့ပါ ဝင်ရောက်ကူညီနိုင်ခဲ့ပြီး တကယ်လိုအပ်တဲ့အချိန် လိုအပ်တဲ့သူတွေကို ကူညီနိုင်ခဲ့တာမို့ ကျေးဇူးတင်ရပါတယ်။ ငွေတိုက်ရိုက်လှူတာမျိုးမဟုတ်ဘဲ ကိုယ့်ရဲ့လုပ်အားနဲ့ ကုသိုလ်ပြုခွင့်ရတဲ့အတွက် ဂုဏ်ယူရသလို ဒီလိုအခွင့်အရေးပေးတဲ့အတွက်လည်း ကုမ္ပဏီရဲ့ ဦးဆောင်သူများကို အထူးကျေးဇူးတင်ပါတယ်။

မေလလယ်လောက်မှာ ရန်ကုန်ရုံးချုပ်ကိုလာဖို့ ခရီးတစ်ခုရှိတဲ့အကြောင်း သတင်းကြားပါတယ်။ ကျွန်မက ရန်ကုန်မရောက်တာ ခုနစ်နှစ်ကြာပြီဆိုတော့ စိတ်လည်းလှုပ်ရှားမိပါတယ်။ ရုံးချုပ်ရောက်တော့ ကျွန်မတို့ကို MPRL E&P ရဲ့ အမှုဆောင်အရာရှိချုပ် (CEO)၊ Chief Operating Officer (COO) တို့နဲ့ တွေ့ရမယ်ဆိုတော့ အံ့ဩဝမ်းသာပြီး စိတ်လှုပ်ရှားခဲ့ရပါတယ်။ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့မှာ ပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့တဲ့အတွက်  အသိအမှတ်အပြုလက်မှတ်နဲ့ဂုဏ်ပြုဆုငွေ  ချီးမြှင့်တော့လည်း မျှော်လင့်မထားခဲ့ပါဘူး။ ဒီအတွက်လည်း အလွန်ဝမ်းသာပီတိဖြစ်ပြီးမျက်ရည်ကျမိပါတယ်။ CEO နဲ့ COO ရဲ့ ဒီလို အသိအမှတ်ပြုဂုဏ်ပြုခံရတာကို  အထူးကျေးဇူးတင်ပြီး ကျွန်မတို့အမြဲတမ်းတန်ဖိုးထားနေပါ့မယ်။

*ဒေါ်မိုးသန္တာနိုင်၊ CSR Support၊ MPRL E&P Pte Ltd.*

## ၃.၃ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်းနှင့် ကူညီပံ့ပိုးခြင်း

အရေးပေါ်ထောက်ပံ့ရေးပစ္စည်းများကို ငလျင်ဒဏ်ခံရသည့်မိသားစုများ၊ ဝန်ကြီးဌာနရုံးများ၊ ဝန်ထမ်းအိမ်ရာများ၊ ပညာရေးအဖွဲ့အစည်းများနှင့် ဒေသခံကယ်ဆယ်ရေးအဖွဲ့များထံ ဖြန့်ဝေပေးခဲ့ပါသည်။ ဖြန့်ဝေခဲ့သော ပစ္စည်းများတွင် -

- ယာယီတဲများ
- ရေသန့်ဘူးများ
- နေ့လယ်စာထမင်းဘူးများ
- စောင်နှင့် ဆီလီကွန်ခေါင်းအုံးများ
- မျက်နှာသုတ်ပုဝါနှင့် သွားတိုက်ဆေးများ
- အမျိုးသမီးများအတွက် လစဉ်သုံးပစ္စည်းများ
- သုံးရေများ
- ကြက်ဥနှင့် ခေါက်ဆွဲခြောက်များ
- ဒဏ်ရာရသူများကိုအန္တရာယ်ကင်းစွာကိုင်တွယ်နိုင်ရန် အကာအကွယ်လက်အိတ်များကိုမီးသတ်ဦးစီးဌာနသို့ပါ ပံ့ပိုးခဲ့ပါသည်။

မြေပြင်တွင် အမှန်တကယ်လိုအပ်ချက်ကြီးမားနေချိန်ဖြစ်သောကြောင့် အခြေခံကယ်ဆယ်ရေးပစ္စည်းများပင်လျှင် ရရှိရန်ခက်ခဲသည့် အခြေအနေဖြစ်၍ ဒေသခံမီးသတ်တပ်ဖွဲ့များသည် ရှာဖွေကယ်ဆယ်ရေးကိရိယာအကူအညီများမပါဘဲ ရိုးရင်းစွဲပစ္စည်းကိရိယာများဖြင့်ပင် ကယ်ဆယ်ရေးလုပ်ငန်းများကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်။

MPRL E&P ကုမ္ပဏီအုပ်စု၏ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) သည် လူသားချင်းစာနာမှုအကူအညီများကို တိုက်ရိုက်ပံ့ပိုးခဲ့သည့်အပြင် နိုင်ငံတော်အစိုးရ၏ အရေးကြီး လုပ်ငန်းဆောင်တာများဆက်လက်လည်ပတ်နိုင်ရန် အကူအညီများပံ့ပိုးခဲ့ပါသည်။ အထူးသဖြင့် -

- ငလျင်ဘေးသင့်ဒေသများ၌ အရေးပေါ်အခြေအနေ သတ်မှတ်ထားသည့်အချိန်တွင် နိုင်ငံခြားကုမ္ပဏီတစ်ခုနှင့် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးခြင်း ကိစ္စအပါအဝင် စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအတွက် အရေးကြီးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်စေရန် ယာယီရုံးခန်းစီစဉ်ပေးခဲ့ခြင်း၊

- ယာယီရေလှောင်ကန်များ၊ သယ်ယူအသုံးပြုနိုင်သောရေဖြန့်ဝေနိုင်မည့်နေရာများနှင့် ယာယီအသုံးပြုနိုင်မည့်ရေအိမ်များ တပ်ဆင်ထားရှိပေးခြင်း၊

- အရေးပေါ် ဝန်ဆောင်မှုများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအင် ရရှိနိုင်ရန် 100 KVA မီးစက် (၂) လုံးနှင့် 60 KVA မီးစက် (၁) လုံး တပ်ဆင်ပေးခြင်း၊

- စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုများအတွက် ကယ်ဆယ်ရေးစခန်းများ တည်ဆောက်ခြင်း၊ လူအင်အားနည်းပါးချိန်တွင် အကြီးစားပစ္စည်းကိရိယာများရရှိနိုင်ရန် MOGE နှင့် ပူးပေါင်း၍ ရရှိအောင် ဆောင်ရွက်ခြင်း၊

- အစိုးရဝန်ထမ်းများနှင့် ဒေသခံပြည်သူများအပါအဝင် အထူးသဖြင့် ဒဏ်ရာရရှိသူများနှင့် နာတာရှည် ဝေဒနာရှင်များအတွက် အရည်အသွေးပြည့်ဆေးဝါးများ အခမဲ့ပံ့ပိုးခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ယင်းသို့ ပံ့ပိုးလုပ်ကိုင်ဆောင်ရွက်မှုများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယ ဝန်ကြီးချုပ်နှင့် နိုင်ငံတော်ဝန်ကြီးချုပ်ရုံး၊ ပြည်ထောင်စုဝန်ကြီး၊ လျှပ်စစ်နှင့်စွမ်းအင်ဖွံ့ဖြိုးရေးကော်မရှင် ဥက္ကဋ္ဌ၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့ အပါအဝင် ဌာနဆိုင်ရာအကြီးအကဲ များက ကုမ္ပဏီအုပ်စုအနေဖြင့် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိသည့် ရွှေ့လျားဆေးပေး ခန်းများသို့ ကိုယ်တိုင်လာရောက်ကြည့်ရှုချိန်တွင် ကူညီကယ်ဆယ်ရေးအဖွဲ့၏ လုပ်ကိုင်ဆောင်ရွက်မှုများ ကို အထူးချီးကျူးဂုဏ်ပြုခဲ့ပါသည်။

မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့သည် စွမ်းအင်ဝန်ကြီးဌာနအပြင် အခြားဝန်ကြီးဌာနများသို့လည်း သောက်သုံးရေနှင့် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာဝန်ဆောင်မှုများကို ကျယ်ကျယ်ပြန့်ပြန့် ပံ့ပိုး ကူညီခဲ့ရာတွင် -

- ကျန်းမာရေးဝန်ကြီးဌာန
- ပြည်ထဲရေးဝန်ကြီးဌာန
- အားကစားဝန်ကြီးဌာန
- နိုင်ငံခြားရေးဝန်ကြီးဌာန
- ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန
- နယ်စပ်ရေးရာဝန်ကြီးဌာန
- ဆောက်လုပ်ရေးဝန်ကြီးဌာန
- သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန
- သမဝါယမဝန်ကြီးဌာန
- စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
- စာရင်းစစ်ချုပ်ရုံး

- တရားလွှတ်တော်ချုပ်ရုံး
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
- ပြည်သူ့လွှတ်တော်အဆောက်အဦများ
- အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
- မြန်မာ့စီးပွားရေးဘဏ်
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
- မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန
- စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ် တို့ပါဝင်ခဲ့ပါသည်။

ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဌာနဆိုင်ရာအဖွဲ့အစည်းများအတွက်သာမက ဝန်ထမ်းအိမ်ရာများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် နေပြည်တော်ရှိပညာရေးဆိုင်ရာအဖွဲ့အစည်းများအထိ ရောက်ရှိအောင် ပံ့ပိုးနိုင်ခဲ့ပါသည်။ ထို့ပြင် ဇေ-၁၀၀၀၊ ဇေ-၂၀၀၀ နှင့် ဇေ-၃၀၀၀ ဧရိယာများရှိ လျောင်ဒဏ်ခံရသည့် ဝန်ထမ်းအိမ်ရာများအထိ ဖြန့်ကျက်ပံ့ပိုးနိုင်ခဲ့ပါသည်။
















CANTER
KOHLER
































AEROKLAS






40-6277











ကျွန်တော်တို့ငလျင်ဗဟိုချက်ကို ရောက်တဲ့ချိန် တွေ့ခဲ့ရတာက စိတ်မချမ်းသာစရာပါ။ ဝန်ထမ်းမိသားစုတွေအများကြီး အိုးတွေ အိမ်တွေပျက်စီးနေခဲ့ပြီး တချို့ဆိုရင် မိသားစုဝင်တွေပါ ဆုံးရှုံးခဲ့ရချိန်မှာ အရေးပေါ်အကူအညီတွေလည်း မရသေးပါဘူး။ စိတ်ပိုင်းဆိုင်ရာခံစားမှုတွေ အမြင့်ဆုံးဖြစ်နေတဲ့အချိန်မှာ သောက်သုံးရေ၊ အစားအစာနဲ့ ဆေးဝါးကုသမှုစတဲ့ အခြေခံလိုအပ်ချက်တွေလည်း မရခဲ့ပါဘူး။ ကျွန်တော်တို့အဖွဲ့အနေနဲ့ မတ်လ (၃၀) ရက်နေ့မှာ ရွှေ့လျားဆေးပေးခန်းဝန်ဆောင်မှုကို စတင်ဆောင်ရွက်တာဖြစ်ပေမယ့် အဲ့ဒီရက်မှာ မန်းရေနံမြေက ကျန်းမာရေး အထောက်အကူပြုဝန်ထမ်း (၂) ယောက်ရောက်မလာသေးချိန်ဖြစ်တော့ ဒဏ်ရာရလူနာတွေကို ပတ်တီးစည်းပေးတာနဲ့ ဒဏ်ရာဆေးထည့်ပေးတာမျိုးတွေမှာပါ ကျွန်တော်တို့ရုံးက ဆရာဝန်ကို ကျွန်တော်ဝိုင်းကူလုပ်ပေးခဲ့ပါတယ်။ ဒီလိုအရေးပေါ်အခြေအနေမှာ ကူညီနိုင်တာက ကျွန်တော်တို့ကုမ္ပဏီအနေနဲ့ ဝန်ထမ်းတွေကို ရှေးဦးပြုစုနည်းသင်တန်းတွေ ပေးခဲ့ဖူးတာကြောင့်ဖြစ်ပြီး ဒီအတွက်လည်း ကုမ္ပဏီကို တကယ်ကျေးဇူးတင်ပါတယ်။ မှတ်မှတ်ရရကတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ လွှတ်တော်အဆောက်အဦအပါအဝင် ဝန်ကြီးဌာနတွေကို သောက်သုံးရေဖြန့်ဝေတဲ့အချိန်ဖြစ်ပါတယ်။ လူတွေက ဘယ်ကလာလှူတယ်ဆိုတာမေးတော့ 'ဦးမိုးမြင့်နဲ့ MPRL E&P ကုမ္ပဏီကပါ' လို့ ဖြေတဲ့အခါ အသိအမှတ်ပြုကျေးဇူးတင်ကြောင်း လေးလေးစားစားလာပြောကြပါတယ်။ တချို့တွေဆို အလှူရှင်ကို မြန်မာရေနံလောကက အဓိကရေနံလုပ်ငန်းရှင်အဖြစ်သိကြပြီး တချို့ကလည်း ရေအကျိုးဆယ်ပါးနဲ့ပြည့်စုံပါစေလို့ ဆုတောင်းပေးကြပါတယ်။ တချို့ဆိုရင် ငလျင်ဖြစ်ပြီးနောက်ပိုင်း ပထမဆုံးရေအဝသောက်ရတာလို့ ပြောတာကြားရတော့ ကျွန်တော်တို့အားလုံး နေပူအောက်မှာ ပင်ပန်းတာတွေမေ့ပြီး လိုအပ်တဲ့တခြားနေရာတွေအထိ ဆက်သွားနိုင်ဖို့ တကယ်အားဖြစ်စေခဲ့ပါတယ်။

ငလျင်ဒဏ်ကြောင့် အသက်ရှင်ကျန်ရစ်သူတွေကြားမှာ အလွန်စိတ်မကောင်းဖြစ်ခဲ့ပေမယ့်လည်း ကြံ့ခိုင်တဲ့ပုံစံနဲ့အားတင်းလုပ်ကိုင်ဆောင်ရွက်ခဲ့ရပါတယ်။ ငလျင်ဒဏ်ခံရတဲ့မိသားစုတွေရဲ့သောကအပူကြီးလွန်းတဲ့အချိန်လည်း ဖြစ်ပါတယ်။ ဒီလိုအပူတွေကမခံမရပ်ဖြစ်ရလောက်အောင် ခါးသည်းလွန်းတော့ ကိုယ်တိုင်ကြုံတွေ့မှပဲ တကယ်နားလည်နိုင်တာမျိုးပါ။ စိတ်ထဲမှာ အခုထိ ဒါတွေမြင်မိနေပြီးမေ့ဖို့လည်း အတော်ခက်ပါတယ်။ ဘယ်လောက်တောင်လဲဆိုရင် မိသားစုတစ်စုရဲ့ အသက်ဆုံးရှုံးသွားတဲ့ သူတို့မိသားစုဝင်တစ်ဦးအတွက် ရက်လည်ဆွမ်းသွပ်တဲ့အချိန်မှာ သံဃာတွေကိုလှူဖို့ ရေတောင်မရှိခဲ့ပါဘူး။ ကျွန်တော်တို့ ရောက်မှပဲ ဒီလိုကုသိုလ်ကို ပြုနိုင်ခဲ့ကြတာပါ။ စဉ်းစားကြည့်ရင် ဗုဒ္ဓဘာသာဝင်တွေအနေနဲ့ ဖြစ်ပြီးတာတွေလည်း ပြီးခဲ့ပြီလို့ လက်ခံပြီး အသစ်ပြန်စနိုင်ဖို့ စိတ်ရော ကိုယ်ပါ ကျန်းမာနေအောင် ပြန်ပြီးတည်ဆောက်ကြရမှာပါ။ ကျန်းမာကြံ့ခိုင်မှပဲ အရာအားလုံး ပုံမှန်အတိုင်း ပြန်အဆင်ပြေလာနိုင်မှာပါ။

***ဦးငွေဇော်၊ Senior Driver၊ Myint & Associates Co., Ltd.***


MUDRA
Solar Lamp
MUDRA
Solar Lamp
MUDRA
Solar Lamp
Solar Lamp






GOLD
Fiberglass




UNIC




CHIGO















ကျွန်တော်တို့ MPRL E&P ကုမ္ပဏီအုပ်စုအနေနဲ့ မြေငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ချိန်မှာ မြေငလျင်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း ကော်မတီဝင်တစ်ဦးအနေနဲ့ ပါဝင်ခဲ့ပါတယ်။ Head of Corporate Sustainability၊ အဖွဲ့ဝင်တွေနဲ့ အနီးပူးပေါင်းပြီး မြေပြင်အခြေအနေတွေကို အကဲဖြတ်ဆန်းစစ်ခဲ့ပြီး ငလျင်ဒဏ်ခံရတဲ့ ဒေသအတွက် အရေးကြီးပစ္စည်းတွေ ချက်ချင်းဝယ်ပေးခဲ့ပါတယ်။ အချိန်မီပို့နိုင်ဖို့က အရေးအကြီးဆုံးဖြစ်ပြီး မနက်အော်ဒါမှာပြီးရင် ညနေဆိုပို့ဖို့ တန်းလုပ်ရတာမျိုးပါ။

ဒီလိုဝယ်ခြမ်းပံ့ပိုးနိုင်ဖို့ ငွေသားအထုတ်အသွင်းလုပ်ငန်းတွေ၊ ငွေစာရင်းညှိနှိုင်းရတဲ့ လုပ်ငန်းတွေမှာ ကြီးကြပ်စီမံခန့်ခွဲခဲ့ပါတယ်။ နေပြည်တော်က MOGE ရုံးအမှတ် (၄၄) အနီးမှာ (၂၀ ပေ x ၁၀ ပေ) ရှိတဲ့ ယာယီရုံးခန်းအဖြစ် အသုံးပြုမယ့် (Modular Units) တွေကို ကျွန်တော်တို့နဲ့ စာချုပ်ချုပ်ဆို လုပ်ငန်းလုပ်ကိုင်နေတဲ့ ကန်ထရိုက်တာတွေနဲ့ပူးပေါင်းပြီး RSF-5 Block ကနေ သယ်ယူတပ်ဆင်ခဲ့ပါတယ်။ ဒီယူနစ်တွေကို မကွေးကနေ နေပြည်တော်ကို သယ်ယူပို့ဆောင်ချိန်မှာလည်း ကျွန်တော်တို့ရဲ့ လုံခြုံရေးအဖွဲ့ဝင်တွေက သေချာစစ်ဆေးပြီး အန္တရာယ်ကင်းကင်းနဲ့ ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။ ဒီယူနစ်တွေအားလုံးမှာ လေအေးပေးစက်၊ အိမ်သာ၊ ရေချိုးခန်းနဲ့ ရေပူပေးစက်တွေအပါအဝင် ပစ္စည်းအားလုံးကို စနစ်တကျတပ်ဆင်စမ်းသပ်ပြီးမှ MOGE သို့ လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။

ငလျင်ဒဏ်ခံရတဲ့အတွက် လမ်းပျက်စီးမှုနဲ့ ဆက်သွယ်ရေးပြတ်တောက်မှုတွေရှိနေတော့ သယ်ယူပို့ဆောင်ရတာ ခက်ခဲပါတယ်။ နေပြည်တော်-ရန်ကုန် အမြန်လမ်းပိုင်းမှာ အပျက်အစီး တွေရှိနေတော့ ယာယီတဲ၊ ဖျာ၊ စောင်၊ နီးဖျာ၊ ခြင်ထောင်၊ သောက်ရေစတဲ့ အရေးပေါ် ကယ်ဆယ်ရေး ပစ္စည်းတွေကို ရန်ကုန်-မန္တလေးလမ်းဟောင်းကတစ်ဆင့် လမ်းကြောင်းပြန်ပြောင်းပြီး ဘေးကင်းကင်းနဲ့ လိုအပ်တဲ့နေရာကို အမြန်ရောက်အောင် ပို့ဆောင်ပေးခဲ့ပါတယ်။

ငလျင်ကြောင့်အပျက်အစီးများပြီး အဆောက်အဦတွေက အကုန်မပြိုပေမယ့် ကြံ့ခိုင်မှုလည်း မရှိတော့တဲ့ အခြေအနေမို့ အန္တရာယ်တော်တော်များပါတယ်။ ဒါကြောင့် ဒီလိုမိသားစုတွေ အားလုံး ဘေးကင်းလုံခြုံတဲ့နေရာမှာ အမြန်ဆုံးနေထိုင်နိုင်ဖို့ ဆက်ကြိုးစားကြဖို့လည်း တိုက်တွန်းလိုပါတယ်။

***ဦးသက်လွင်အုန်း၊ Assistant Material & Logistics Manager၊ MPRL E&P Pte Ltd.***

## ၃.၄ လူသားချင်းစာနာမှုစိတ်ဓာတ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခြင်း

ကုမ္ပဏီအုပ်စု၏ သမားရိုးကျလုပ်ငန်းတာဝန်များမှ ခွဲထွက်ကာ ERT အဖွဲ့ဝင်တစ်ဦးချင်းစီသည် ရာထူးအဆင့်ခွဲခြားမှုမရှိဘဲ ငလျင်ဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများကို လူသားချင်းစာနာမှုစိတ်ဖြင့် လက်တွေ့ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများတွင် -

- လူနှင့်ပစ္စည်းများ သယ်ယူပို့ဆောင်ရန် မော်တော်ယာဉ်များကို ကိုယ်တိုင်ဝင်ရောက်မောင်းနှင်ခြင်း
- ယာယီရေလှောင်ကန်များနှင့် အိမ်သာများတည်ဆောက်ခြင်း
- လေးလံသောပစ္စည်းများနေရာချထားခြင်းတို့ပါဝင်သည်။

ငလျင်ဒဏ်ကို ဒေသခံလုပ်သားများပါလက်တွေ့ခံစားနေရပြီး လုပ်သားရှားပါးချိန်တွင် ကုမ္ပဏီအုပ်စု၏ မြေငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့အနေဖြင့် ကြံ့ကြံ့ခံနိုင်စွမ်း၊ လိုက်လျောညီထွေဖြစ်မှုနှင့် အဖွဲ့လိုက်လုပ်ကိုင်နိုင်စွမ်းများကို အစွမ်းကုန်ထုတ် ဖော်ပြသနိုင်ခဲ့ပါသည်။

မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) သည် နေ့စဉ် နံနက် (၄း၀၀) နာရီမှ ည (၇း၀၀) နာရီအထိ တဆက်တည်း ရက်ပေါင်း (၁၂) ရက်ကြာ ကိုယ်ရောစိတ်ပါနှစ်၍ ပြင်းထန်စွာ အားထုတ်လုပ်ကိုင်ဆောင်ရွက်ခဲ့ရသည်။ ပူပြင်းသည့်ရာသီဥတု၊ နောက်ဆက်တွဲငလျင်လှုပ်ခတ်မှုများ၊ အသက်ဆုံးရှုံးမှုများနှင့် ကြီးမားသည့် ထိခိုက်ပျက်စီးမှုများကိုပါ မျက်မြင်ကိုယ်တွေ့ ကြုံတွေ့ခဲ့ရသည့်အတွက် စိတ်ခံစားမှုကြီးစွာ ရင်ဆိုင်ဖြတ်သန်းခဲ့ရသည်။

မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) အနေဖြင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို နေ့စဉ်ပြန်လည်သုံးသပ်၍ နောက်တစ်ရက်တွင် ဆက်လက်လုပ်ကိုင်ဆောင်ရွက်ရမည့် အစီအစဉ်များကို ကြိုတင်ပြင်ဆင်ခဲ့ပါသည်။ အဖွဲ့ခေါင်းဆောင်ဖြစ်သည့် Head of Corporate Sustainability သည်လည်း ERT အဖွဲ့ဝင်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခဲ့ပြီး အဖွဲ့ဝင်တစ်ဦးချင်းစီ၏ အကြံပြုချက်များကို အလေးထားကာ လိုအပ်သည်များကို လမ်းညွှန်ခဲ့ပါသည်။ ထို့ပြင် ညစဉ်ညတိုင်း သူမကိုယ်တိုင် အဖွဲ့ကိုဦးဆောင်၍ နောက်တစ်နေ့အတွက် ရွှေ့လျားဆေးပေးခန်း ဖွင့်လှစ်နိုင်မည့်နေရာများကို ကြိုတင်စုံစမ်းကာ အချိန်နှင့်တပြေးညီ ဆုံးဖြတ်ချက်ချ၍ အသိပေးနိုင်ရန် အလေးထား ဆောင်ရွက်ခဲ့ပါသည်။ သူမ၏ခေါင်းဆောင်မှုနှင့် ချောမွေ့ပြေပြစ်စွာ ပြန်ကြားဆက်သွယ်နိုင်သည့် အရည်အချင်းတို့ကြောင့် ERT အဖွဲ့သည် စိတ်အားထက်သန်စွာဖြင့် လုပ်ငန်းတာဝန်များကို အောင်မြင်စွာ လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ရန်ကုန်သို့ ပြန်လည်ရောက်ချိန်တွင် ERT အဖွဲ့ဝင်များသည် နာဖျားမှုများနှင့် Post-traumatic stress disorder (PTSD) ကဲ့သို့ စိတ်ဒဏ်ရာ လက္ခဏာများ ရရှိခဲ့သည်ကိုတွေ့ရပြီး အရေးပေါ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများပြီးဆုံးပြီးနောက်ပိုင်းတွင်ပင် လက်တွေ့မြင်တွေ့ခဲ့ရသည့် အပျက်အစီးများနှင့် ဝမ်းနည်းဖွယ်

အဖြစ်ဆိုးများက အဖွဲ့ဝင်များ၏စိတ်တွင် အချိန်ကြာမြင့်စွာစွဲထင် ကျန်ရစ်ခဲ့ပါသည်။ သို့သော်လည်း ယင်းအတွေ့အကြုံသည် ကုမ္ပဏီအုပ်စု၏ လူသားချင်း စာနာမှုကူညီကယ်ဆယ်ရေး လုပ်ငန်းများတွင် ဦးဆောင်ပါဝင်လျက်ရှိသည့် ကတိကဝတ်ကို ပိုမိုခိုင်မာစေခဲ့သည်။ ယင်းအချက်သည်ပင်လျှင် ကုမ္ပဏီအုပ်စု၏ လူမှုတာဝန်သိလုပ်ငန်း ဆောင်ရွက်ချက်ဟူသည် ငွေကြေးပံ့ပိုးခြင်းသီးသန့်မဟုတ်ဘဲ ယင်းထက်ပိုမိုကျယ်ပြန့်ကြောင်းနှင့် အရေးပေါ်အခြေအနေတွင် မြေပြင်အရောက်တိုက်ရိုက် ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် စည်းလုံးညီညွတ်မှုတို့ပါ ပါဝင်ကြောင်း သက်သေပြနိုင်ခဲ့ပါသည်။





ကျွန်မက ၂၀၂၅ ခုနှစ်၊ မတ်လ (၂၉) ရက်နေ့မှာ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) မှာ စေတနာ့ဝန်ထမ်းအနေနဲ့ပါဝင်ခဲ့ပြီး ငလျင်ဒဏ်သင့်ဒေသကို ခရီးနှင်ခဲ့ပါတယ်။ နေပြည်တော် ရောက်ပြီးချိန်မှာ ရွှေ့လျားဆေးပေးခန်းတွေဖွင့်လှစ်ဖို့နဲ့ အရေးပေါ်ကူညီကယ်ဆယ်ရေးပစ္စည်းတွေ ဖြန့်ဝေနိုင်ဖို့တွေက ကျွန်မတို့ရဲ့နေ့စဉ်လုပ်ငန်းတွေဖြစ်လာပါတယ်။ ဒီလုပ်ငန်းတွေကို နေပူပူမှာပဲလုပ်ကိုင်ကြရင်း နောက်ဆက်တွဲ ငလျင်လှုပ်ခတ်မှုတွေကြောင့် အဆောက်အဦတွေထဲကနေ နှစ်ခါလောက်ပြေးထွက်ခဲ့ရပါသေးတယ်။

ကျွန်မတို့ ရောက်တဲ့နေရာတိုင်းမှာ အသက်ရှင်သန်ကျန်ရစ်သူတွေရဲ့ စိတ်နှလုံးကြေကွဲ ဝမ်းနည်းရတဲ့ ဖြစ်ရပ်မျိုးစုံကို တစ်ယောက်နဲ့တစ်ယောက် ဝေမျှပြောဆိုကြတဲ့အသံတွေကို နားမဆံ့အောင်ကြားခဲ့ရပါတယ်။ ကျွန်မနဲ့ရွယ်တူအမျိုးသမီးတစ်ယောက်ဆို ငလျင်ဖြစ်ပြီးကတည်းက ဘာမှမစားရသေးတဲ့တာကို သိရတော့ တကယ်အံ့ဩပြီး စိတ်မကောင်းလည်း ဖြစ်ရပါတယ်။ ကျွန်မတို့က ရေဘူးတစ်ဘူးပေးတော့ ထိတ်လန့်တုန်လှုပ်ပြီး ပင်ပန်းနွမ်းနယ်နေတဲ့ အဲဒီအမျိုးသမီးလေးက တုန်တုန်ယင်ယင်နဲ့ ရေဘူးကိုတောင် ဖွင့်မသောက်နိုင်တော့လို့ ကျွန်မတို့ပဲ ကူဖွင့်ပေးခဲ့ရပါတယ်။

လျှပ်စစ်မီးမရှိ၊ ပူလောင်အိုက်စပ်နေတဲ့ ရာသီဥတုကြားက ငလျင်ဒဏ်ခံရတဲ့ မိသားစုတွေရဲ့ စိုးရိမ်သောကနဲ့ မသေချာမရေရာတဲ့အခြေအနေတွေက အစာစားချင်စိတ်တောင်မရှိဘဲ အသက်ရှင်ရပ်တည်ဖို့ ရေကိုပဲ အားပြုသောက်နေကြတဲ့ အနေအထားပါ။ မြို့ထဲသွားလာနေရချိန်မှာ အလှူရှင်တွေရဲ့ လှူဒါန်းထားတဲ့အစားအစာတွေထဲက စားကြွင်းစားကျန်တွေနဲ့ ယာယီတဲတွေနားမှာ စွန့်ပစ်အမှိုက်တွေများလာတာလည်း သတိထားမိပါတယ်။ ဆပ်ပြာမှုန့်၊ ခြင်ဆေးခွေစတဲ့ ပစ္စည်းတွေလို လက်တွေ့မှာ အမှန်တကယ်လိုနိုင်တဲ့ပစ္စည်းတွေကို ကြိုးစားလှူဒါန်းကြတဲ့ အလှူရှင်တွေရှိနေသလို တချို့ကလည်း အမှန်တကယ်လိုအပ်တာတွေကို သိဖို့ထက် ဆိုရှယ်မီဒီယာတွေမှာ အလှူကိုကြေညာဖို့လောက်ကို အာရုံစိုက်နေတယ်လို့တောင် ထင်ရပါတယ်။ ထမင်းနဲ့အလွယ်တကူတွဲဖက်စားနိုင်တဲ့ ပုစွန်ခြောက်ကြော်၊ ငါးခြောက်ကြော်လို ဟင်းမျိုးတွေကို သေချာစဉ်းစားပြီးလှူဒါန်းကြတာတွေကတော့ တော်တော်လေး အဆင်ပြေပါတယ်။

***နော်မေပုလဲထူး၊ CSR Officer၊ MPRL E&P Pte Ltd.***

၁၄

# ကုမ္ပဏီအုပ်စု၏ ဦးဆောင်သူအကြီးအကဲများမှ မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့အား အသိအမှတ်ပြုခြင်းနှင့် ဂုဏ်ပြုဆုများချီးမြှင့်ခြင်း



## ၀၄ | ကုမ္ပဏီအုပ်စုဦးဆောင်သူအကြီးအကဲများမှ မြေလျှင်ကူညီကယ်ဆယ်ရေးအဖွဲ့အား အသိအမှတ်ပြုခြင်းနှင့် ဂုဏ်ပြုဆုများချီးမြှင့်ခြင်း

မြေလျှင်ကူညီကယ်ဆယ်ရေးအဖွဲ့သည် ၂၀၂၅ မြန်မာငလျင်လှုပ်ခတ်မှုအပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို တာဝန်သိစိတ်၊ စိတ်အားထက်သန်မှုနှင့် ကိုယ်ကျိုးစွန့်လုပ်ကိုင်ဆောင်ရွက်မှုများကြောင့် ကုမ္ပဏီအုပ်စု ဦးဆောင်သူအကြီးအကဲများထံမှ တရားဝင်အသိအမှတ်ပြုမှုကို ထိုက်တန်စွာလက်ခံရရှိခဲ့ပါသည်။ ကုမ္ပဏီ အုပ်စုဦးဆောင်သူ အကြီးအကဲများအနေဖြင့် ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ထိခိုက် ခံစားရသည့် အများပြည်သူအတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ရှေ့တန်းမှ မဆုတ်မနစ်သော ဇွဲလုံ့လ ဖြင့် နေ့မအားညမနားလုပ်ကိုင်ဆောင်ရွက်ခဲ့သည့် မြေလျှင်ကူညီကယ်ဆယ်ရေးအဖွဲ့ကို လေးစားဂုဏ်ယူကာ အထူးကျေးဇူးတင် အသိအမှတ်ပြုပါကြောင်း ဂုဏ်ပြုပြောကြားခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ကုမ္ပဏီ၏ Monthly Management Meeting အစည်းအဝေးတွင် ကုမ္ပဏီအုပ်စု၏ ဦးဆောင်သူများက မြေလျှင်ကူညီကယ်ဆယ်ရေး လုပ်ငန်းအဖွဲ့ဝင်များ၏







အားထုတ်ကြိုးပမ်းမှုများကို အသိအမှတ်ပြုသည့် ဂုဏ်ပြုပွဲအခမ်းအနားကို ပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီအုပ်စု ဦးဆောင်သူအကြီးအကဲများအဖွဲ့က မြေငလျင်ကူညီကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့၏ အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများပံ့ပိုးခြင်း၊ အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း၊ ခက်ခဲသည့်ဒေသများထဲမှ တစ်ခုအပါအဝင်ဖြစ်သည့်နေရာတွင် အရေးပါသည့်သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို စနစ်တကျဖြန့်ခွဲ လုပ်ကိုင် ဆောင်ရွက်နိုင်ခြင်း၏ အရေးပါမှုကို အလေးပေးထုတ်ဖော်ပြောကြားခဲ့ပါသည်။ မြေငလျင်ကူညီ ကယ်ဆယ်ရေးလုပ်ငန်းအဖွဲ့၏ ကျွမ်းကျင်မှု၊ တက်ကြွမှုနှင့် လူသားချင်းစာနာမှုစိတ်ဓာတ်များသည် သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများအတွက် စံနမူနာသစ်တစ်ခု ဖြစ်စေခဲ့ပါသည်။

မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်တစ်ဦးချင်းစီသည် သတ္တိနှင့်စွမ်းဆောင်ရည်များကို အသိအမှတ်ပြုသည့် ဂုဏ်ပြုမှတ်တမ်းလွှာများ လက်ခံရရှိခဲ့ကြသည်။ ထို့ပြင် အမှုဆောင်အရာရှိချုပ်နှင့် Chief Operating Officer တို့က မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့၏ စွမ်းစွမ်းတမံဆောင်ရွက်မှုများကို အထူးကျေးဇူးတင် ဂုဏ်ပြုစကားဆိုခဲ့ပြီး လုပ်ငန်းအဖွဲ့ဝင် စုစုပေါင်း (၁၈) ဦးကို အထူးဂုဏ်ပြုသည့်အနေဖြင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ပါသည်။

ယင်းသို့ တစ်ဦးချင်းဂုဏ်ပြုချီးမြှင့်မှုများအပြင် ERT အဖွဲ့အနေဖြင့် ကုမ္ပဏီအုပ်စု၏ စံတန်ဖိုးများဖြစ်သည့် တည်ကြည်မှု၊ အသင်းအဖွဲ့ဖြင့်ဆောင်ရွက်မှု၊ ဒေသခံလူမှုအသိုက်အဝန်းများအား ဦးတည်သက်ရောက်စေမှုတို့ကိုပါ လွှမ်းခြုံနိုင်အောင် ပေါင်းစပ်လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ထုတ်ဖော်ချီးကျူးခဲ့ပါသည်။ Chief Operating Officer က အလွန်ခက်ခဲသည့်အခြေအနေများ၌ လူအချင်းချင်းကယ်ဆယ်ရာတွင် ဘေးရန်ကင်းရှင်းစွာ လုပ်ကိုင်ဆောင်ရွက်နိုင်ရန် အဓိကကျသည့် ကိုယ်ကျင့်တရားကောင်းမွန်စွာ ထိန်းသိမ်းလုပ်ကိုင်ဆောင်ရွက်မှု၊ အစပြုလုပ်ကိုင်နိုင်မှုနှင့် ကိုယ်ကျိုးမဖက် ဆောင်ရွက်မှုကဲ့သို့သော လူ့အရည်အသွေးများသည် အလွန်အရေးကြီးကြောင်း အလေးပေးပြောကြားခဲ့ပါသည်။





မြေငလျင်ကူညီကယ်ဆယ်ရေး လုပ်ငန်းအဖွဲ့သည် အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့က လိုအပ်ပါက တစ်ဖွဲ့ထပ်မံပံ့ပိုးရန် ကမ်းလှမ်းသော်လည်း အလှည့်ကျလုပ်ကိုင်ခွင့်ကို တောင်းဆိုခြင်းမရှိဘဲ တဆက်တည်းရက်ပေါင်း (၁၂) ရက်ကြာ နေထိုင်လုပ်ကိုင်ပံ့ပိုးခဲ့ပြီး ERT အဖွဲ့ပြန်လည်ရုပ်သိမ်းခြင်းကိုလည်း မိမိတို့ဆုံးဖြတ်ချက်ဖြင့် မဟုတ်ဘဲ စွမ်းအင်ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ ခွင့်ပြုဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း ထပ်မံရှင်းပြခဲ့ပါသည်။ ထို့ပြင် ယခုကဲ့သို ကတိကဝတ်ပြုဆောင်ရွက်မှုများသည် မိမိတို့ကုမ္ပဏီအုပ်စု၏ အထူးအသိအမှတ်ပြုဂုဏ်ပြုခြင်းနှင့် ထိုက်တန်ကြောင်း၊ တစ်ဦးချင်းစီ၏အတွေ့အကြုံများကိုလည်း စိတ်အားထက်သန်ပြီး အားကျဂုဏ်ယူနိုင်စေရန် မိသားစုဝင်များကိုပါ မျှဝေရန် တိုက်တွန်းပါကြောင်း ထပ်လောင်းပြောကြားခဲ့ပါသည်။

ထို့ပြင် အမှုဆောင်အရာရှိချုပ်က မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) ၏ အရေးပေါ်ပစ္စည်းများပံ့ပိုးကူညီမှုနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို မိမိတို့နှင့်လုပ်ငန်းဆက်စပ်လုပ်ကိုင်လျက်ရှိသည့် စွမ်းအင်ဝန်ကြီးဌာနသာမကဘဲ ကျန်းမာရေးကဲ့သို့ဝန်ကြီးဌာနများအထိပါပံ့ပိုးနိုင်ခဲ့ခြင်းဖြစ်၍ အလွန်အရေးပါခဲ့ကြောင်း ထပ်လောင်းရှင်းပြခဲ့ပါသည်။ အခြားကယ်ဆယ်ရေးအဖွဲ့များက ပင်မကယ်ဆယ်ရေးလမ်းကြောင်းတစ်လျှောက် အတွက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အားပြုလုပ်ကိုင်နေချိန်တွင် မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့သည် အဓိကလမ်းကြောင်းများအပြင် ရောက်ရှိရန်ခဲယဉ်းသည့်နေရာများရှိ ငလျင်ဒဏ်ခံရသည့်မိသားစုများအတွက်ပါ ဖြန့်ကျက်၍ အားထုတ်လုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ပါသည်။

ဤသို့ဂုဏ်ပြုချီးမြှင့်မှုသည် ခက်ခဲကျပ်တည်းသည့် ကာလများကို ကျော်လွန်ဖြတ်ကျော်ခဲ့ပြီးဖြစ်သည့် ဝန်ထမ်းများအပေါ် တန်ဖိုးထားသည့် ကုမ္ပဏီအုပ်စု၏ကတိကဝတ်ကို ပိုမိုခိုင်မာစေခြင်းလည်းဖြစ်ပါသည်။ အများပြည်သူအတွက် အမှန်တကယ်လိုအပ်ချိန်များတွင် အဓိပ္ပာယ်ပြည့်ဝသည့်အကူအညီများကို ပံ့ပိုးနိုင်မည့်ကဏ္ဍပေါင်းစုံမှ ကျွမ်းကျင်သူများပါဝင်သည့်အဖွဲ့ဖြင့် ကြိုတင်ဖွဲ့စည်းလုပ်ကိုင်ဆောင်ရွက်နိုင်ခြင်း၏ အရေးပါပုံကို မီးမောင်းထိုးပြလျက်ရှိသည်။ ယခုအတွေ့အကြုံသည် ကုမ္ပဏီအုပ်စု၏ ခံနိုင်စွမ်းရည်ပျိုးထောင်ခြင်းနှင့် အရေးပေါ်အခြေအနေများတွင် လူသားချင်းစာနာမှုအကူအညီများပံပိုးနိုင်ရန် အသင့်ဖြစ်ကြောင်း ကတိကဝတ်ကို ပိုမိုသိသာခိုင်မာစေခဲ့ပါသည်။

ထို့ပြင် မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) ၏ စွမ်းဆောင်ရည်ကို လာမည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၏ (Performance Management Program - PMP) အကဲဖြတ်ကာလတွင် တရားဝင်အသိအမှတ်ပြု၍ ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်။ ယင်းအဖွဲ့၏ လုပ်ဆောင်ချက်များသည် ဝန်ထမ်းအားလုံး၏ ကိုယ်ပိုင်ဘဝနှင့်ကျွမ်းကျင်မှုနယ်ပယ်နှစ်ခုလုံးတွင် ကိုယ်ကျင့်တရား၊ စေတနာ၊ စာရိတ္တနှင့် ကရုဏာတရားဆိုင်ရာ အားကျအတုယူလက်ခံကျင့်သုံးနိုင်မည့် စံတစ်ခုအနေဖြင့်တည်ရှိနေမည်ဖြစ်ပါသည်။









မတ်လ (၃၀) ရက်နေ့၊ တနင်္ဂနွေနေ့မှာ ကျွန်တော်တို့ရုံးချုပ်မှာ ကယ်ဆယ်ရေးပစ္စည်းတွေ စပြီးစုစည်းခဲ့ပါတယ်။ ဒီမှာဆိုရင် ရွှေ့လျားအိမ်သာ၊ ရေသန့်ဘူး၊ အားဖြည့်အချိုရည်၊ ဖိုက်ဘာရေတိုင်ကီ၊ မီးစက်တစ်လုံးနဲ့ ဒီဇယ်ဆီတွေပါပါတယ်။ ဒါတွေအားလုံးကို ကုန်တင်ယာဉ်ပေါ်ကို စနစ်တကျတင်ပြီး လိုက်ပါမယ့်လူစာရင်းပါအတည်ပြုပြီး ၁၄း၃၀ နာရီမှာ နေပြည်တော်ကို ထွက်ခွာခဲ့ပါတယ်။ ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးရဲ့ တချို့အပိုင်းတွေက ပျက်စီးသွားတော့ သွားနေကျမဟုတ်တဲ့ လမ်းဟောင်း ကိုဖြတ်ပြီး သွားနေရတာမို့ နေပြည်တော် မရောက်မချင်း လုံခြုံရေးကိုပါ စိတ်ပူခဲ့ရပါတယ်။

နောက်တစ်နေ့ကစပြီး စွမ်းအင်ဝန်ကြီးဌာန (MoE) ဝန်ထမ်းတွေအတွက် ယာယီစခန်းတွေ စပြီးဆောက်ရပါတယ်။ အရင်ဆုံး ဘယ်နေရာမှာ ဘယ်လိုတည်ဆောက်မယ်ဆိုတဲ့ အပြင်အဆင်နဲ့ အစီအစဉ်ရေးဆွဲတာ၊ ချုံတွေရှိနေတဲ့ ယာယီစခန်းချမယ့်နေရာကို ကြိုတင်ရှင်းလင်း မြေညှိတာတွေ လုပ်ရပါတယ်။ ဒါက ကျွန်တော့်အနေနဲ့ နေပြည်တော်ကို ဒုတိယအကြိမ်ရောက်တာဆိုတော့ ဆောက်လုပ်ရေးလုပ်သားတွေ ငှားရမ်းတာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းတွေဝယ်ဖို့ ဒေသခံအရင်းအမြစ်တွေရှာတာက အကျွမ်းတဝင်လည်းမရှိပါဘူး။

ငလျင်ဒဏ်ကြောင့် ဆောက်လုပ်ရေးဆိုင်တွေအများစုကလည်း ပိတ်ထားတော့ မြေညှိတဲ့အလုပ်အတွက် စက်ယန္တရားနှင့်လုပ်သားကအစငှားဖို့ အတော်ခက်ပါတယ်။ နောက်ဆုံးတော့ ထရက်တာတစ်စီးရဲ့ အကူအညီနဲ့ ကျွန်တော်တို့ သုံးရက်လောက် မြေညှိမြေပြင်လုပ်ခဲ့ရတယ်။ ကျန်တဲ့အဖွဲ့ဝင်တွေကပါ အုတ်၊ သဲ၊ ကျောက်တွေကို ကိုယ်တိုင်ကိုယ်ကျ ဝင်သယ်ရတာပါ။ ဒီလိုအခက်အခဲတွေကြားကနေ ကျွန်တော်တို့ မြေပြင်ကအဖွဲ့နဲ့ ရန်ကုန်ရုံးချုပ်ကအဖွဲ့ဝင်တွေ ထိထိရောက်ရောက် ချိတ်ဆက်ပူးပေါင်းလုပ်ကိုင်ခဲ့ပါတယ်။

ငလျင်ဘေးဒဏ်ခံရတာကို စစချင်းမြင်ရတဲ့ ခဏကတော့ တော်တော်ကို တုန်လှုပ်စရာပါ။ နေပြည်တော်က ဝန်ထမ်းမိသားစုတွေ၏ အကူအညီတောင်းတဲ့အသံတွေကို ကြားရတဲ့အချိန်မှာ ကျွန်တော်တို့ကုမ္ပဏီအုပ်စုရဲ့ စီမံခန့်ခွဲမှုအောက်ကနေ အကောင်းဆုံးပံ့ပိုးပေးနိုင်ဖို့ စိတ်ပိုင်းဖြတ်ထားခဲ့ပါတယ်။ Head of Corporate Sustainability ဦးဆောင်တဲ့ ကျွန်တော်တို့အဖွဲ့ဝင်တွေအားလုံး နေပူပူကိုအံတုပြီး စည်းစည်းလုံးလုံးနဲ့တက်ညီလက်ညီ လုပ်ကိုင်ဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ ယာယီတဲအမိုးတွေ တပ်ဆင်နေတဲ့အချိန်မှာ ဝန်ထမ်း မိသားစုထဲက အသက် (၅၀) လောက်ရှိတဲ့ အမျိုးသမီးတစ်ယောက်က ရေအိုးထဲက ရေအေးအေးလေးတစ်ခွက်ယူလာပြီး ကျေးဇူးတင်ကြောင်းနဲ့ ကူညီလုပ်ကိုင်ပေးကြသူတွေ ကျန်းမာဖို့ ဆုတောင်းပေးနေခဲ့ပါတယ်။

ရန်ကုန်ပြန်ရောက်တဲ့အချိန်မှာ သဘာဝဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ရှေ့တန်းက ကြိုးပမ်းပါဝင်လုပ်ကိုင်ဆောင်ရွက်ခဲ့မှုအတွက် အမှုဆောင်စီမံခန့်ခွဲရေးအဖွဲ့က အသိအမှတ်ပြုဂုဏ်ပြုခံရချိန်မှာ မျှော်လင့်မထားခဲ့ပေမယ့် အားတက်ပျော်ရွှင်ခဲ့ရပါတယ်။ ငလျင်ဒဏ်ခံစားခဲ့ရတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ကူညီနိုင်ခွင့်နဲ့ ကျွန်တော်တို့ကို ဒီလုပ်ငန်းတွေ လုပ်ကိုင်ဆောင်ရွက်ဖို့စိတ်ချယုံကြည်ပြီး တာဝန်ပေးအပ်ခဲ့တဲ့အတွက်လည်း အလွန်ကျေးဇူးတင်မိပါတယ်။

***ဦးကျော်သူလင်း၊ Deputy Administrative Manager၊ Myint & Associates Construction Co., Ltd.***




# ၀၅

## သဘာဝဘေးကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးတွင် ကုမ္ပဏီအုပ်စု၏ ပံ့ပိုးကူညီမှုအကျဉ်းချုပ်

## ၀၅ သဘာ၀ဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကုမ္ပဏီအုပ်စု၏ ပံ့ပိုးကူညီမှုအကျဉ်းချုပ်

MPRL E&P ကုမ္ပဏီအုပ်စုသည် ၂၀၂၅ မြန်မာငလျင်လှုပ်ခတ်မှုအပြီးတွင် သဘာ၀ဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဘက်စုံလွှမ်းခြုံမှုရှိပြီး ထိရောက်သည့်ကူညီကယ်ဆယ်ရေးနည်းလမ်းများဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ပါသည်။ ယင်းလုပ်ငန်းများတွင် -

- **အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုများ တိုက်ရိုက်ပံ့ပိုးခြင်းနှင့် အရေးပေါ် ကယ်ဆယ်ရေးပစ္စည်းများဖြန့်ဝေခြင်း** - မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) သည် ငလျင်ဒဏ်ခံရသည့်မိသားစုများအတွက် အရေးပေါ်ကျန်းမာရေး စောင့်ရှောက်မှုများ ပံ့ပိုးခဲ့ပြီး အသက်ကယ်ပစ္စည်းများကို ဖြန့်ဝေခဲ့ပါသည်။

- **အလှူငွေနှင့် အလှူပစ္စည်းများ ပံ့ပိုးခြင်း -**

  - **ကုမ္ပဏီအုပ်စု၏ပံ့ပိုးကူညီမှုများ** - ကုမ္ပဏီအုပ်စုအနေဖြင့် သဘာ၀ဘေးကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ကျပ်သန်းပေါင်း ၃၃၀ (ကျပ်သိန်းပေါင်း ၃,၃၀၀) ကို အမျိုးသားသဘာ၀ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ (NDMC) နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများသို့ တိုက်ရိုက်လှူဒါန်းခဲ့ပါသည်။ အဆိုပါရန်ပုံငွေလှူဒါန်းမှုသည် အရေးကြီးလိုအပ်ချက်များတွင် တိုက်ရိုက်အသုံးပြုနိုင်ရန်ဖြစ်ပြီး ယင်းသို့ပံ့ပိုးမှုသည် ကုမ္ပဏီအုပ်စု၏ အဓိပ္ပာယ်ပြည့်ဝသည့် အကျိုးသက်ရောက်မှုများ ဖြစ်စေရမည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုခဲ့ပါသည်။



- **ဝန်ထမ်းများ၏ပံ့ပိုးကူညီမှုများ** - ပြည်တွင်းနှင့် နိုင်ငံခြားသား ဝန်ထမ်းများပါဝင်သည့် ဝန်ထမ်းမိသားစုများက စုစုပေါင်း ကျပ်သန်း (၆၀) (ကျပ်သန်းခြောက်ဆယ်) ကို ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ အဆိုပါလှူဒါန်းငွေများကို ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာကျောင်းများ၌ တက်ရောက်ကြမည့် စွမ်းအင်ဝန်ကြီးဌာန၊ ဝန်ထမ်းမိသားစုဝင် သူငယ်တန်းမှ Grade-12 အထိ ကျောင်းသား၊ ကျောင်းသူ (၅,၀၀၀) ကျော်အတွက် အရေးပေါ်ပညာရေးအထောက်အပံ့အနေဖြင့် ပံ့ပိုးသွားမည်ဖြစ်ပါသည်။ ယင်းသို့ ပြည်တွင်း၊ ပြည်ပဝန်ထမ်းများ၏ စေတနာပြည့်ဝပြီး လူမှုတာဝန်သိစိတ်ဖြင့် စုပေါင်းထည့်ဝင် လှူဒါန်းကြသည့်အတွက် အမှုဆောင်အရာရှိချုပ်အနေဖြင့် အထူးကျေးဇူးတင်ကာ ချီးကျူးဂုဏ်ပြုပါကြောင်း ၂၀၂၅ ခုနှစ်၊ မေလ (၁၅) ရက်နေ့ Monthly Management Meeting မတိုင်မီ ကျင်းပသည့်ချီးကျူးဂုဏ်ပြုပွဲအခမ်းအနားတွင် ပြောကြားခဲ့သည်။ အဆိုပါ လှူဒါန်းငွေများကို မှန်ကန်သည့်ရည်ရွယ်ချက်များအတိုင်း လိုအပ်သည့်နေရာများတွင် ထိရောက်စွာ အသုံးပြုစေမည်ဖြစ်ကြောင်း ကတိပြုပြောကြားခဲ့သည်။ ယင်းသို့ငွေကြေးလှူဒါန်းမှုအပြင် ငလျင်ဒဏ်ခံရသည့် မိသားစုများထံ လူသားချင်းစာနာမှု အကူအညီများ တိုက်ရိုက်ပံ့ပိုးခဲ့သည့် မြေငလျင်ကူညီကယ်ဆယ်ရေး (ERT) အဖွဲ့ဝင်ဝန်ထမ်းများ၏ အချိန်နှင့် ကျွမ်းကျင်မှုများဖြင့် စေတနာ့ဝန်ထမ်း ဆောင်ရွက်နိုင်ခဲ့ခြင်းသည် မိမိတို့ ကုမ္ပဏီအုပ်စု၏ စည်းလုံးမှုနှင့် လူမှုတာဝန်သိစိတ်၏ အထင်ကရ သာဓကတစ်ရပ်ပင်ဖြစ်ပါသည်။



- **ခံနိုင်စွမ်းရည်နှင့်ယုံကြည်မှုတည်ဆောက်ခြင်း** - ကုမ္ပဏီအုပ်စုသည် ငလျင်ဒဏ်ခံရသည့် မိသားစုများထံ ကိုယ်တိုင်ကိုယ်ကျသွားရောက်၍ ကူညီကယ်ဆယ်ရေး အထောက်အပံ့များကို ပံ့ပိုးပေးရုံသာမက စိတ်ပိုင်းဆိုင်ရာ အားပေးနှစ်သိမ့်မှုများကို ထိရောက်စွာပံ့ပိုးခဲ့ခြင်းဖြင့် ဒေသခံများ၏ ခံနိုင်စွမ်းရည်ကို

မြှင့်တင်ပေးခဲ့ပါသည်။ ယခုကဲ့သို့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် လက်တွေ့ကြိုးပမ်းပါဝင်ဆောင်ရွက်ခြင်း၏ အရေးပါမှုကို ဌာနဆိုင်ရာဝန်ထမ်းများ၊ အဆင့်မြင့်အရာရှိကြီးများနှင့် ဝန်ကြီးဌာနများ၊ နိုင်ငံ့အကြီးအကဲတို့ကပါ လက်တွေ့သိမြင် ကြုံတွေ့ခဲ့ပါသည်။

- **ယာယီနေရာထိုင်ခင်းနှင့် ရုံးလုပ်ငန်းအခြေခံအဆောက်အဦများ ပံ့ပိုးခြင်း** - အမှုဆောင်အရာရှိချုပ်၏ ညွှန်ကြားချက်နှင့်အညီ စွမ်းအင်ဝန်ကြီးဌာန (MoE) ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများအတွက် ယာယီနေအိမ်များကို အမြန်ဆုံး တည်ဆောက်ပေးခဲ့ပါသည်။ အစိုးရအဖွဲ့၏ လုပ်ငန်းဆောင်တာများ အမြန်ဆုံးပြန်လည်စတင်နိုင်ရန်၊ လုပ်ငန်းများစဉ်ဆက်မပြတ်လည်ပတ်နိုင်ရန်နှင့် သဘာဝဘေး ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်နိုင်ရန် ယာယီရုံးခန်းအဖြစ် အသုံးပြုမည့် Modular Unit များကိုလည်း တည်ဆောက်ခဲ့ပါသည်။

- **ရေရှည်ပညာရေးအတွက်ပံ့ပိုးခြင်း** - MPRL E&P သည် ရေရှည်ပြန်လည် ထူထောင်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးကိုဆောင်ရွက်ရန် ကတိပြုထားသည့်အတိုင်း အဆင့်မြင့်ပညာရေးကိုဆက်လက်လေ့လာသင်ယူကြမည့် စွမ်းအင်ဝန်ကြီးဌာန၏ မိသားစုဝင်သားသမီးများအတွက် တက္ကသိုလ်ပညာသင်ဆု ရန်ပုံငွေတစ်ရပ် ထူထောင်ခဲ့ပါသည်။ ယင်းအစီအစဉ်ကို အမှုဆောင်အရာရှိချုပ် ဦးမိုးမြင့်နှင့်မိသားစုက အမေရိကန်ဒေါ်လာ (၂၅,၀၀၀) ကနဦး ကနဦးမတည် လှူဒါန်းမှုဖြင့် အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။ အဆိုပါပညာသင်ဆုရန်ပုံငွေကို နိုင်ငံ၏ စွမ်းအင်အနာဂတ်အတွက် မရှိမဖြစ်လိုအပ်သည့် ရေနံအင်ဂျင်နီယာနှင့် ဘူမိဗေဒကဲ့သို့ စွမ်းအင်နှင့် ဆက်စပ်ဘာသာရပ်များကို အထူးပြုလေ့လာသင်ယူကြမည့် မျိုးဆက်သစ်ကျောင်းသားများအား ဦးတည်ပံ့ပိုးသွားမည် ဖြစ်ပါသည်။ ဤအစီအစဉ်ကို စွမ်းအင်ဝန်ကြီးဌာန၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးအစီအစဉ်နှင့် လိုက်လျောညီထွေဖြစ်စွာ ချိတ်ဆက်ဆောင်ရွက်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအတွက် မျိုးဆက်သစ်ပညာရှင်များ မွေးထုတ်နိုင်ရန် MPRL E&P ၏ ခိုင်မာသောကတိကဝတ်ကို ထပ်မံအတည်ပြုခြင်းဖြစ်ပါသည်။ ယခုကဲ့သို့ MPRL E&P ၏ အရေးပေါ်လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများနှင့် ရေရှည်ပညာရေးအတွက် ပံ့ပိုးခြင်းသည် အရေးပေါ်အကူအညီများနှင့် နိုင်ငံ့အနာဂတ်အတွက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ချိန်ညှိလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် ပြန်လည်ထူထောင်ရေးကဏ္ဍတွင် MPRL E&P အနေဖြင့် ဘက်စုံမှ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြလျက်ရှိပါသည်။

# ၀၆

## MPRL E&P ၏ သဘာဝဘေး ကူညီကယ်ဆယ်ရေး ချဉ်းကပ်ဆောင်ရွက်မှုဆင့်ကဲဖြစ်စဉ်

## ၀၆ | MPRL E&P ၏ သဘာဝဘေးကူညီကယ်ဆယ်ရေး ချဉ်းကပ်ဆောင်ရွက်မှုဆင့်ကဲဖြစ်စဉ်

၂၀၂၅ မြန်မာငလျင်သည် MPRL E&P ကုမ္ပဏီအုပ်စု၏ သဘာဝဘေးကူညီကယ်ဆယ်ရေး မဟာဗျူဟာ တိုးတက်ပြောင်းလဲမှု၏ အဓိကအချက်တစ်ချက်ဖြစ်ခဲ့ပါသည်။ ၂၀၂၄ ရာဂီမုန်တိုင်း တိုက်ခတ်ချိန်က သဘာဝဘေး ကူညီကယ်ဆယ်ရေးအကူအညီအဖြစ် ငွေကြေးနှင့် လိုအပ်သည့်ပစ္စည်းအကူအညီများ ပံ့ပိုးလှူဒါန်းခဲ့ခြင်းဖြစ်ပြီး ယခုအကြိမ်သည် MPRL E&P အနေဖြင့် ရှေ့တန်းမှ တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ကုမ္ပဏီ၏ လေ့ကျင့်ပျိုးထောင်ထားသောဝန်ထမ်းများကို ဘေးသင့်ဒေသများသို့ပို့ဆောင်ကာ ရွှေ့လျားဆေးပေးခန်းများဖြင့် အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုပေးခဲ့ပြီး အစိုးရလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကိုယ်တိုင်ကိုယ်ကျ ပါဝင်ကူညီပံ့ပိုးခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ပံ့ပိုးကူညီသည့်အလှူရှင်အဖြစ်မှ ယခုကဲ့သို့ လူသားချင်းစာနာမှုအကူအညီများဖြင့် မြေပြင်တိုက်ရိုက်ကွင်းဆင်းကူညီကယ်ဆယ်သူအဖြစ် တိုးတက်ပြောင်းလဲလာခြင်းသည် ကုမ္ပဏီအုပ်စု၏ အဖွဲ့အစည်းစိတ်ဓာတ်နှင့် လူမှုတာဝန်သိ CSR လုပ်ငန်းများအပေါ် ထားရှိသည့် ကတိကဝတ်အရ သိသာထင်ရှားသော အပြောင်းအလဲတစ်ခုအဖြစ် ထင်ဟပ်လျက်ရှိသည်။

၂၀၂၄ ရာဂီမုန်တိုင်းနှင့် ၂၀၂၅ မြေငလျင်လှုပ်ခတ်မှု သဘာဝဘေးနှစ်ရပ်လုံးသည် အလွန်ပြင်းထန်သော်လည်း၊ ထိခိုက်ပျက်စီးမှုအခြေအနေတို့တွင် သိသာထင်ရှားစွာကွဲပြားလျက်ရှိသည်။ ရစ်ချ်တာစကေး (၇.၇) ရှိ အလွန်ပြင်းထန်သည့် ငလျင်ကြောင့် အဆောက်အဦများစွာ ထိခိုက်ပျက်စီးမှုကြီးမားစေခဲ့ပြီး လူပေါင်း (၃,၇၀၀) ကျော် သေဆုံးကာ လူပေါင်းထောင်ချီထိခိုက်ဒဏ်ရာရရှိခဲ့သည့်အပြင် မိသားစုအများအပြား အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ ယင်းနှင့်နှိုင်းယှဉ်လျှင် ၂၀၂၄ ခုနှစ်က တိုက်ခတ်ခဲ့သည့် ရာဂီမုန်တိုင်းသည် ရေကြီးမှုများ၊ မြေပြိုမှုများကို ဖြစ်စေပြီး လူပေါင်း (၆၃၀,၀၀၀) ကျော်နေရပ်စွန့်ခွာခဲ့ရသည်။ အသက်ဆုံးရှုံးမှုနှုန်းကိုနှိုင်းယှဉ်ပါက နည်းပါးသော်လည်း၊ မုန်တိုင်းသည်စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးအပေါ် ပြင်းထန်စွာထိခိုက်ခဲ့ပါသည်။ ယင်းသို့မတူ ကွဲပြားသည့် အတွေ့အကြုံများသည် မြန်မာနိုင်ငံအနေဖြင့် ရင်ဆိုင်နေရသည့်သဘာဝဘေး အန္တရာယ်အမျိုးမျိုးနှင့် သဘာဝဘေးဖြစ်ပွားမှုအလိုက်သင့်လျော်သော ကြိုတင်ပြင်ဆင်မှုမဟာဗျူဟာ လိုအပ်နေကြောင်းကိုလည်း မီးမောင်းထိုးပြလျက်ရှိသည်။






ဤသဘာဝဘေးဖြစ်ရပ်နှစ်ခုမှ ထုတ်နုတ်ရယူနိုင်မည့်အဓိကသင်ခန်းစာများတွင် ကြိုတင်သတိပေးစနစ်များ ပိုမိုအားကောင်းစေရန်ပြင်ဆင်ခြင်း၊ သဘာဝဘေးဒဏ်ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများအဖြစ် တည်ဆောက်ခြင်း၊ ဒေသအဆင့်၊ နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြားတွင် ညှိနှိုင်းဆောင်ရွက်မှုမြှင့်တင်ခြင်းတို့ ဖြစ်ပါသည်။

ငလျင်ကာကွယ်ရေးအတွက် မျက်မှောက်ခေတ်နှင့်လျော်ညီသော အဆောက်အဦတည်ဆောက်ရေးစံနှုန်းများ၊ အရေးပေါ်ထွက်ခွာရေးလေ့ကျင့်မှုများ၊ ကြိုတင်ဇာတ်တိုက်လေ့ကျင့်ခြင်း၊ အများပြည်သူအတွက်ပညာပေး အစီအစဉ်များကို ဦးစားပေးဆောင်ရွက်ရန်အရေးကြီးပါသည်။ ထို့ပြင် မုန်တိုင်းကြိုတင်ကာကွယ်နိုင်ရန် တာတမံများ၊ ရေထုတ်မြောင်းများ၊ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံကျောင်းများ တည်ဆောက်ခြင်းဖြင့် ကြိုတင်ပြင်ထားရန် လိုအပ်ပါသည်။ ဤအရေးပေါ်အခြေအနေများသည် မြန်မာနိုင်ငံ၏ အခြေခံအဆောက်အအုံနှင့် ကူညီကယ်ဆယ်ရေးစနစ်များ၏ အားနည်းချက်များကိုသိသာစေရုံသာမက အမျိုးသားသဘာဝဘေးစီမံခွဲမှုဆိုင်ရာ ကြိုးပမ်းမှုများတွင် MPRL E&P ကဲ့သို့ ပုဂ္ဂလိကကဏ္ဍအနေဖြင့် ပါဝင်ကူညီဆောင်ရွက်သူများ၏အခန်းကဏ္ဍ ပိုမိုတိုးတက်လာသည်ကိုလည်း ထင်ရှားစေပါသည်။



## ၂၀၂၅ မြန်မာငလျင်နှင့် ၂၀၂၄ ရာဂီမုန်တိုင်းတို့၏ သက်ရောက်မှုအတိုင်းအတာကိုနှိုင်းယှဉ်ခြင်း

| အညွှန်းကိန်း | ၂၀၂၅ မြန်မာငလျင် | ၂၀၂၄ ရာဂီမုန်တိုင်း |
|---|---|---|
| ဖြစ်ပွားသည့်နေ့စွဲ | ၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၉) ရက် |
| သဘာဝဘေးအမျိုးအစား | မြေငလျင် | တိုင်ဖွန်း (ရေကြီးရေလျှံမှုများနှင့် မြေပြိုခြင်းများ) |
| ပြင်းအား | ရစ်ချ်တာစကေး (၇.၇) | — |
| သဘာဝဘေးသင့်ဒေသများ | မြန်မာနိုင်ငံအလယ်ပိုင်း<br>(မန္တလေး၊ မကွေး၊ ပဲခူး၊ ရှမ်း၊ ကရင်) | တိုင်းဒေသကြီး (၉) ခုရှိ မြို့နယ် (၅၉) ခု |
| သေဆုံး/ဒဏ်ရာရမှု | သေဆုံးသူဦးရေ - (၃,၇၅၇) ဦး<br>ဒဏ်ရာရသူ - (၅,၁၀၇) ဦး<br>ပျောက်ဆုံးသူ - (၄၉) ဦး | သေဆုံးသူဦးရေ - (၃၀၀+) ဦး<br>ပျောက်ဆုံးသူဦးရေ - (၈၉) ဦး |
| အရေးပေါ်လိုအပ်ချက်များ | ခိုလှုံနိုင်မည့်အဆောက်အဦ၊<br>ကျန်းမာရေးစောင့်ရှောက်မှု၊<br>အစားအစာ၊ သောက်သုံးရေ | အစားအစာ၊ သန့်ရှင်းသောရေ၊ဆေးဝါး၊<br>ခိုလှုံနိုင်မည့် အဆောက်အဦ |
| အိုးမဲ့အိမ်မဲ့ဖြစ်သူများ | နေအိမ်ထိခိုက်ပျက်စီးခဲ့သည့်<br>အိမ်ထောင်စုများ - (၆၂၉,၂၀၆)<br>ကယ်ဆယ်ရေးစခန်းရှိ<br>အိမ်ထောင်စုများ - (၄၈,၆၅၆) | နေရပ်စွန့်ခွာသူ - (၈၇,၀၀၀) |
| အခြေခံအဆောက်အအုံ ပျက်စီးမှု | အိမ် - (၆၃,၀၀၀+) လုံး<br>ကျောင်း - (၆,၇၀၀) ကျောင်း<br>ဘာသာရေးအဆောက်အဦ -(၅,၀၀၀+) ခု<br>ဆေးရုံ - (၅၇၆) ခု<br>တံတား - (၁၇၂) စင်း | အဆောက်အဦ၊ လမ်း၊တံတားပျက်စီးမှု - ၂,၁၄၉ ခု<br>ရေနစ်မြုပ်ကျောင်း - ၅၄၆ ကျောင်း |
| နိုင်ငံရေးအခြေအနေ | အရေးပေါ်အခြေအနေကြေညာခြင်း၊<br>နိုင်ငံရေးတင်းမာမှုများရှိခြင်း | ပဋိပက္ခဖြစ်ပွားလျက်ရှိသည့်ဒေသများသို့<br>အကူအညီရောက်ရှိရန် ခက်ခဲခြင်း |
| နိုင်ငံတကာအကူအညီ | နိုင်ငံ (၂၆) နိုင်ငံမှ (၂,၀၉၅) ဦး၊<br>အကူအညီ (၂,၆၀၀+) တန် ရရှိခြင်း | အိန္ဒိယ၊ အာဆီယံ၊ ဥရောပသမဂ္ဂ၊ အမေရိကန်၊<br>WFP မှ အကူအညီများရရှိခြင်း |

| အညွှန်းကိန်း | ၂၀၂၅ မြန်မာငလျင် | ၂၀၂၄ ရာဂီမုန်တိုင်း |
|---|---|---|
| အစိုးရကူညီထောက်ပံ့မှု | ကျပ် (၅၀၀) ဘီလီယံ သတ်မှတ်ခြင်း | ကျပ် (၃၀) ဘီလီယံ သတ်မှတ်ခြင်း |
| ပြန်လည်ထူထောင်ရေး ကာလ | (၆) လမှ (၁၀) နှစ် (အဆင့်ဆင့်) | ငွေကြေးအခက်အခဲများရှိပြီး ဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းဖြစ်ခြင်း |
| စိန်ခေါ်မှုများ | ဆက်သွယ်ရေးပြတ်တောက်မှုရှိခြင်း၊ ညှိနှိုင်းဆောင်ရွက်မှုအားနည်းခြင်း၊ ဘဏ္ဍာရေးလိုအပ်မှုရှိခြင်း | ကူညီကယ်ဆယ်ရေးများ ဝင်ရောက်ရန်အခက်အခဲရှိခြင်း၊ ပြန်ကြားဆက်သွယ်နိုင်မှုမရှိခြင်း၊ ဘဏ္ဍာရေးအထောက်အပံ့နည်းပါးခြင်း |
| သင်ခန်းစာများ | ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှုနှင့် အကူအညီရရှိရေးညှိနှိုင်းမှုများ တိုးမြှင့်ဆောင်ရွက်ရန် | ကြိုတင်သတိပေးစနစ်များ၊ အဖွဲ့အစည်း အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန် |

2025 Myanmar Earthquake

MPRL E&P Group of Companies' Relief and Rehabilitation

"ကျွန်မတို့ကုမ္ပဏီအနေနဲ့ နိုင်ငံတော်အစိုးရဦးဆောင်တဲ့ သဘာဝဘေး ကယ်ဆယ်ရေးလုပ်ငန်းတွေမှာ ငွေကြေးအားဖြင့် ပံ့ပိုးလှူဒါန်းလေ့ရှိ ပါတယ်။ ၂၀၂၄ခုနှစ်၊စက်တင်ဘာလက တိုက်ခတ်ခဲ့တဲ့ တိုင်ဖွန်းမုန်တိုင်း ရာဂီတုန်းကလည်း လှူဒါန်းခဲ့ပါတယ်။ ဒါပေမဲ့ ဒီမြေငလျင်သဘာဝဘေးမှာ တော့ ကုမ္ပဏီကဝန်ထမ်းတွေကို ငလျင်ဒဏ်သင့်ရာဒေသဆီ စေလွှတ်ပြီး မြေပြင်တိုက်ရိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို ပထမဆုံးအကြိမ် လုပ်ကိုင်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။"






# ၀၇

## နိဂုံးချုပ်နှင့် အနာဂတ်အတွက်
## ကြိုတင်ပြင်ဆင်မှု

## ၀၇ | နိဂုံးချုပ်နှင့် အနာဂတ်အတွက်ကြိုတင်ပြင်ဆင်မှု

MPRL E&P ကုမ္ပဏီအုပ်စုသည် မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်များဖြစ်ပွားတိုင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် စဉ်ဆက်မပြတ်ပါဝင်၍ တက်ကြွစွာပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၅ မြန်မာငလျင်အပြီးတွင် MPRL E&P ကုမ္ပဏီအုပ်စု၏ ပါဝင်ဆောင်ရွက်မှုသည် ယခင်က ဆောင်ရွက်ခဲ့ခြင်း မရှိသည့် ဘေးသင့်ရာဒေသအရောက် ကိုယ်တိုင်ကိုယ်ကျလက်တွေ့ ပါဝင်ကူညီကယ်ဆယ်သူအဖြစ် တိုးတက်ပြောင်းလဲလာခဲ့ပါသည်။ မြေပြင်တွင် အခက်အခဲများစွာရှိသော်လည်း၊ ကုမ္ပဏီအုပ်စု၏ ကူညီကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများသည် ထိရောက်မြန်ဆန်ပြီး လူသားချင်းစာနာမှုကို အခြေခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ငလျင်ဒဏ်သင့်ဒေသတွင် လက်တွေ့ကွင်းဆင်း ကြီးကြပ်ကြပ်မတ်ကာ ကူညီကယ်ဆယ်ထောက်ပံ့ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှချဉ်းကပ်ဆောင်ရွက်နိုင်မှုသည် ငလျင်ဒဏ်သင့်ဒေသများနှင့် အသက်ရှင်ကျန်ရစ်သူဒေသခံမိသားစုများအပေါ် ထိရောက်သည့် အကျိုးသက်ရောက်မှုများ ရှိခဲ့ပါသည်။

မြေငလျင်ကူညီကယ်ဆယ်ရေးအဖွဲ့ (ERT) ၏ အခန်းကဏ္ဍသည် အထူးအရေးပါခဲ့ပါသည်။ အရေးကြီးသည့် ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ စွမ်းအင်ဝန်ကြီးဌာနနှင့် ဝန်ထမ်းများ၏ လုပ်ငန်းများပြန်လည်လုပ်ကိုင်နိုင်ရေးအတွက် အခြေခံအဆောက်အအုံများပံ့ပိုးကူညီခြင်း၊ သဘာဝဘေးဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသည့်ဒေသသို့ ကိုယ်တိုင်ကိုယ်ကျသွားရောက်ပံ့ပိုးနိုင်ခြင်းဖြင့် ERT အဖွဲ့သည် အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့သည်သာမက အခြေအနေမပျက် ပုံမှန်ပြန်လည်ရပ်တည်နိုင်ရေးကိုပါ အထောက်အကူဖြစ်စေခဲ့ပါသည်။ ယင်းဆောင်ရွက်ချက်များသည် ဘေးအန္တရာယ်ကျရောက်ချိန်တွင် ကုမ္ပဏီအုပ်စု၏ ကြိုတင်ပြင်ဆင်မှု၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများဖြင့် လျင်မြန်စွာတုံ့ပြန်ဆောင်ရွက်နိုင်စွမ်းနှင့် လူသားချင်းစာနာမှုစိတ်ဓာတ်တို့၏ အရေးပါပုံကို ထပ်မံအတည်ပြုနိုင်ခဲ့ပါသည်။

MPRL E&P ကုမ္ပဏီအုပ်စုသည် ယခုရရှိသည့်သင်ခန်းစာများကို အခြေခံ၍ စနစ်တကျအသွင်ကူးပြောင်းနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး ရှေ့ဆက်လုပ်ငန်းစဉ်များတွင် ကြိုတင်ကာကွယ်နိုင်စွမ်းနှင့် လိုက်လျောညီထွေမှုရှိပြီး ပိုမိုအားကောင်းသည့် အရေးပေါ်ကူညီကယ်ဆယ်ရေးစနစ်တစ်ခု တည်ထောင်နိုင်ရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ထို့ပြင် လေ့ကျင့်သင်ကြားခြင်း၊ အရေးပေါ်စီမံချက်များ ရေးဆွဲခြင်း၊ ဒေသခံများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် MPRL E&P သည် အမျိုးသားအဆင့်မှသည် အခြေခံလူတန်းစားအဆင့်များတွင်ပါ ရင်ဆိုင်ရပ်တည်နိုင်စွမ်းကိုပိုမိုမြှင့်တင်နိုင်ရန် ရည်မှန်းထားပြီး နောက်ထပ်အရေးပေါ်အခြေအနေနှင့်ကြုံတွေ့လာရပါက အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ပိုမိုမြန်ဆန်အားကောင်းစွာဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန် မျှော်မှန်းထားရှိပါသည်။

# 2025 Myanmar Earthquake

MPRL E&P

Group of Companies'
Relief and Rehabilitation

# ၀၈

# နောက်ဆက်တွဲ

# ၀၈ | နောက်ဆက်တွဲ

## မြေငလျင်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအတွက် ကုန်ကျငွေစာရင်း (၂၀၂၅ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဧပြီလ (၁၅) ရက်နေ့အထိ)

| စဉ် | အကြောင်းအရာ | စုစုပေါင်းငွေပမာဏ | |
|---|---|---|---|
| | | (ကျပ်) | (ဒေါ်လာ) |
| ၀၁ | အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက်ထောက်ပံ့မှု | ၆၉,၉၅၆,၃၅၀ | - |
| | - အစားအစာထောက်ပံ့မှု | ၉,၆၅၁,၁၀၀ | |
| | - သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးပစ္စည်းများ | ၄၄,၀၃၀,၅၀၀ | |
| | - အမိုးအကာပစ္စည်းများ | ၈,၉၇၉,၇၅၀ | |
| | - အရန်လျှပ်စစ်စနစ်များ | ၇,၂၉၅,၀၀၀ | |
| ၀၂ | အရေးပေါ်သောက်သုံးရေထောက်ပံ့မှု | ၁၇,၂၀၉,၈၀၀ | - |
| | - ရေသန့်ဘူးများဝယ်ယူဖြန့်ဖြူးမှု | ၁၃,၇၄၈,၀၀၀ | |
| | - သောက်သုံးရေသိုလှောင်ဖြန့်ဖြူးမှု | ၃,၄၆၁,၈၀၀ | |
| ၀၃ | ငလျင်ဒဏ်သင့်ဒေသခံများအတွက် အရေးပေါ်ကျန်းမာရေး ဝန်ဆောင်မှု (EMS) | ၁၀,၄၂၆,၅၅၀ | - |
| | - ဆေးဝါးနှင့်ဆေးပစ္စည်းများ | ၉,၆၃၃,၁၅၀ | |
| | - ဆေးဘက်ဆိုင်ရာပစ္စည်းများ | ၇၉၃,၄၀၀ | |
| ၀၄ | အရေးပေါ်ခိုလှုံရန်နေရာထိုင်ခင်းပြင်ဆင်ပေးမှု | ၃၂,၆၂၇,၉၅၀ | - |
| | - မြေညှိခြင်းနှင့်နေရာပြင်ဆင်ခြင်း | ၁၃,၁၈၁,၄၅၀ | |
| | - ရေပေးဝေမှုစနစ်ဖော်ဆောင်ခြင်း | ၅,၂၇၄,၅၀၀ | |
| | - ရေချိုးခန်းနှင့်ရွှေ့လျားအိမ်သာများ ဆောက်လုပ်ခြင်း | ၈,၉၉၂,၀၀၀ | |
| | - လုံခြုံရေးနှင့် လျှပ်စစ်မီးရရှိစေခြင်း | ၅,၁၈၀,၀၀၀ | |
| ၀၅ | လုပ်ငန်းလည်ပတ်စေရေးထောက်ပံ့မှု | ၂၅,၀၆၁,၆၂၅ | ၁၀,၃၁၀ |
| | - နေထိုင်ရေးစရိတ် | ၁၉,၇၈၁,၃၀၀ | |
| | - သယ်ယူပို့ဆောင်ရေးစရိတ် | ၂,၁၀၁,၇၀၀ | ၁၀,၃၁၀ |
| | - လုပ်အားပေးများ စားသောက်စရိတ် | ၃,၁၇၈,၆၂၅ | |
| ၀၆ | လုပ်ငန်းဦးဆောင်မှုအပိုင်းသို့ ထောက်ပံ့မှု | ၃၂,၃၆၇,၆၀၀ | - |
| | စုစုပေါင်းငွေပမာဏ | ၁၈၇,၆၄၉,၈၇၅ | ၁၀,၃၁၀ |

Build through **Excellence**

Lead with **Integrity**

**2025 Myanmar Earthquake**

**MPRL E&P Group of Companies' Relief and Rehabilitation**

**MPRL E&P Group of Companies**

Vantage Tower, 623 Pyay Road, Kamayut Township 11041

Yangon, Myanmar

Tel : +95 1 2307733 Fax : +95 1 2307744